မြဝတီ နေ့စဉ်

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၃)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်
၂၀၂၅ ခုနှစ်၊ မေ ၁ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေ့ရောညဉ့်ပါ အခါခပ်သိမ်း မေတ္တာတရားပွားများခြင်း၌ မွေ့လျော်သောစိတ်ရှိကုန်သော မြတ်စွာဘုရား၏တပည့်တို့သည် အခါခပ်သိမ်း တရားမှန်ကို သိကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရေးနှင့် အငြင်းပွားမှုများအား တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရေးတို့မှာ အလွန်အရေးကြီး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ**

**(၂၀၂၅ ခုနှစ်၊ မေလ ၁ ရက်)**

**ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား**

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် အလုပ်သမားများအနေဖြင့် မိမိတို့၏အခွင့်အရေးကိုသိရှိကာ မိမိတို့၏အခွင့်အရေးအတွက် ကိုယ်တိုင်တောင်းဆိုရာမှ ပေါ်ပေါက်လာခဲ့သည့် အလုပ်သမားများအတွက် တန်ဖိုးထားအပ်သော သမိုင်းဝင်နေ့တစ်နေ့(မေဒေးနေ့)ဖြစ်ပါသည်။

**စာမျက်နှာ ၃ ကော်လံ ၁ ☆**

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)သို့ တက်ရောက်မိန့်ခွန်းပြောကြား






မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)တွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅) ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ၊ ဒက္ခိဏသီရိမြို့နယ်၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက

**စာမျက်နှာ ၁၆ ကော်လံ ၁ ❍**

## အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၁ ရက်)

# ကာယအားဉာဏအားကိုအသုံးပြု၍ အလုပ်လုပ်သူများ

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့သည် နိုင်ငံအတွက်အစဉ်အမြဲလုပ်ဆောင်နေရမည့် ရည်မှန်းချက်များဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးကိုအလေးထားအားပေးမြှင့်တင်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကာယအား၊ ဉာဏစွမ်းအားဖြင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုသည့် နိုင်ငံတော်၏အရေးပါသည့်အင်အားစုမှာ အလုပ်သမားများဖြစ်သည်။ နှစ်စဉ် မေလ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အဖြစ်သတ်မှတ်ကာ ဂုဏ်ပြုလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားများ၏အရေးကိစ္စများကို အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးကိုတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာသည်နှင့်အမျှ ပြည်သူလူထု၏လူမှုစီးပွားဘဝများလည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်လာသလို အလုပ်သမားများ၏အရည်အသွေးများလည်း မြင့်မားလာရမည်ဖြစ်သည်။ သို့မှသာ ပေါ်ပေါက်လာသည့်အလုပ်အကိုင်နှင့်အညီ မိမိတို့၏အရည်အချင်းအလိုက် ပါဝင်ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်သည်။ လုပ်ငန်းတိုင်းအတွက်လိုအပ်သည်မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရမည်ဖြစ်သည်။ ထိုသို့မွေးထုတ်ပေးနိုင်ရေးအတွက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတည်ထောင်၍ ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ပို့ချခြင်း၊ ပုဂ္ဂလိကသင်တန်းကျောင်းများတည်ထောင်နိုင်ရေးကူညီခြင်း၊ ကျွမ်းကျင်မှုအဆင့်အလိုက် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များထုတ်ပေးခြင်း၊ Skill Labour များရရှိရန် ပညာရေးကိုအားပေးမြှင့်တင်ခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝကပေးထားသည့်အခွင့်အလမ်းကောင်းများစွာရှိပြီးဖြစ်သည်။ ယင်းအခွင့်အလမ်းကောင်းများကို ထိရောက်စွာအသုံးချ၍ ပြည်တွင်းစီးပွားရေးနှင့် ပြည်တွင်းထုတ်လုပ်မှုတိုးတက်ရေး ပြည်ပကုန်ပစ္စည်းများဝယ်ယူတင်သွင်းသည့်နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်လာရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားအင်အားစု၏စွမ်းဆောင်မှုသည် အဓိကဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်သို့ ရည်မှန်းဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားများသည်လည်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မိမိနိုင်ငံမှ အခြားသောပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသူများအနေဖြင့် ပြည်ပကရရှိသောအတွေ့အကြုံများကို မိမိနိုင်ငံအတွက် အသုံးပြုနိုင်ကြရမည်ဖြစ်သည်။ ဆိုလိုသည်မှာ မိမိတစ်ဦးတစ်ယောက်တည်း၏အသက်မွေးဝမ်းကျောင်းဆိုသည်ထက် နိုင်ငံတော်အတွက် မိမိတို့ပြန်လည်၍မည်သို့အကျိုးပြုနိုင်သည်ဟူသောစိတ်ဖြင့် ရပ်တည်ကြရမည်ဖြစ်သည်။ အလုပ်သမားများ၏နေ့စဉ်ဘဝလှုပ်ရှားမှုတိုင်းတွင် နိုင်ငံတော်အတွက်ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းမှာ နိုင်ငံတော်၏ကျေးဇူးသစ္စာကိုစောင့်သိခြင်းပင်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ပြည်ပရောက်အလုပ်သမားများ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်နှင့် ပြည်ပမှရရှိလာသောအတွေ့အကြုံ၊ အသိပညာနှင့်အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျအသုံးချနိုင်ရန် ပြည်ပနိုင်ငံများနှင့် အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများလက်မှတ်ရေးထိုး၍ အလုပ်သမားများကို စေလွှတ်ပေးနေခြင်းဖြစ်သည်။ ထို့ပြင် အလုပ်သမားအများစုသွားရောက်လုပ်ကိုင်သည့်နိုင်ငံများတွင် အလုပ်သမားသံတမန်အရာရှိများခန့်အပ်တာဝန်ပေး၍ ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

အလုပ်ရှင်နှင့်အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်လာစေရေးအတွက် လုပ်ငန်းခွင်အတွင်း အလုပ်သမားရေးရာနှင့်ပတ်သက်သည့် အငြင်းပွားမှုများအား လုပ်ငန်းခွင်အတွင်း၌ ကနဦးဆွေးနွေးညှိနှိုင်းခြင်း၊ ဥပဒေနှင့်အညီ အဆင့်ဆင့်ဆွေးနွေးညှိနှိုင်းမှုဆောင်ရွက်ခြင်းတို့ဖြင့် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ အပြန်အလှန်နားလည်ခြင်း၊ ယုံကြည်ခြင်းတို့ဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူပြုမည်ဖြစ်သည်။

လူသားတို့သည် အသက်ရှင်သန်နေထိုင်စဉ်အတွင်း လူမှုစီးပွားဘဝရှင်သန်ရေးအတွက်အလုပ်လုပ်ကိုင်နေကြရမည်ဖြစ်သည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့တစ်ဦးချင်းဘဝတိုးတက်မြင့်မားရေး၊ မိသားစုဘဝတိုးတက်မြင့်မားရေးမှသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုလည်းထည့်သွင်းစဉ်းစားဆောင်ရွက်ကြရမည်ဖြစ်သည်။ အလုပ်သမားဆိုသည်မှာ ကာယအား၊ ဉာဏအားကိုအသုံးပြု၍ အလုပ်လုပ်သူများဟု မြန်မာအဘိဓာန်တွင်ဖွင့်ဆိုထားသည့်အတိုင်း နိုင်ငံတော်အတွက်အားထားရသည့် အရည်အသွေးပြည့်ဝသော လုပ်သား ကောင်းများဖြစ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင်ပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

မော်လမြိုင် ဧပြီ ၃၀

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ဧပြီလ ၂၉ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ တပ်မတော်ဆေးရုံ၌ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်၊ ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ သွေးလှူဒါန်းကြမည့်ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့်ကျန်းမာရေးစစ်ဆေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးကြသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦးတို့၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီးသွေးလှူဒါန်းကြသူများအား အားဖြည့်ဆေးဝါးများ၊ အချိုရည်၊ အစားအစာနှင့် ပံ့ပိုးငွေများပေးအပ်ကြောင်း သိရသည်။ (၄၀၆)

# ရွှေတောင်မြို့နယ်အတွင်းရှိ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား အသိပညာပေးဟောပြော

ရွှေတောင် ဧပြီ ၃၀

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ၁၉၄၅ ဦးရှိရာ ပြည်ရေနံမြေနှင့် အမှတ်(၁) အထည်စက်ရုံတို့ရှိ အာမခံအလုပ်သမား ၅၂၀ ဦးအား အသိပညာပေးဟောပြောပွဲကို ပြည်ရေနံမြေနှင့် အမှတ်(၁)အထည်စက်ရုံတို့၌ ဧပြီလ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင်လူမှုဖူလုံရေးရုံး (ရုံးချုပ်)နှင့် ရွှေတောင်မြို့ ကျော်အထူးကုဆေးခန်းတို့အကျိုးတူပူးပေါင်း၍ PPT စာချုပ်ချုပ်ဆိုပြီး အာမခံအလုပ်သမားများ ဆေးကုသမှုခံနိုင်ရေးနှင့်ပတ်သက်၍ ရွှေတောင်မြို့နယ်လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာမြင့်နှင့် ကျော် အထူးကုဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာကျော်မင်းထွန်းတို့က အာမခံအလုပ်သမားအနေဖြင့် လာမည့်မေလ ဒုတိယပတ်မှစ၍ ကျော် အထူးကုဆေးခန်း ပြင်ပလူနာဌာန၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အခမဲ့ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် လတ်တလောခံစားနေရသော ရောဂါဝေဒနာအခြေအနေတို့ကို စမ်းသပ်စစ်ဆေးပေးခြင်းကိုဝန်ဆောင်မှုပေးကာ လိုအပ်သည့်ဆေးဝါးများကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း ဟောပြောဆွေးနွေးသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသော အာမခံအလုပ်သမားများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိနှင့် ကျော်အထူးကုဆေးခန်းမှ တာဝန်ခံဆရာဝန်တို့က အသေးစိတ်ပြန်လည်ရှင်းလင်းဆွေးနွေးကြောင်းသိရသည်။

ကိုကိုမင်း (ပြန်/ဆက်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၅-၂၀၂၅ (ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | နိုင်ငံတော်သီချင်း |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ |
| ၄။ | ၁၀:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅။ | ၁၁:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၆။ | ၁၂:၀၀ | မွေးမြူသုတ |
| ၇။ | ၁၃:၀၀ | ဝေမျှဆွေးနွေးလူငယ့်အရေး |
| ၈။ | ၁၄:၀၀ | Soft Skill |
| ၉။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၀။ | ၁၇:၀၀ | ကျင့်ကြံပွားများလိုက်နာစရာ (၃၈)ဖြာမင်္ဂလာ |
| ၁၁။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၁၂။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း အခမဲ့ကူလီထမ်းခြင်း၏အကျိုး သရုပ်ဆောင် - နေဒွေး၊ မင်းသူ မေသဉ္ဇာဦး ဒါရိုက်တာ - တင်အောင်စိုး (ပန်းမြို့တော်)** |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

⭑ **ရှေ့ဖုံးမှအဆက်**

ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ် မေလ(၁)ရက်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားများကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၃၈ ခုနှစ်၊ မေလ(၁)ရက်မှစတင်ကျင်းပခဲ့ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် မရှိမဖြစ်အရေးပါသည့် အဓိက စွမ်းအားစုကြီးဖြစ်သော အလုပ်သမားကြီးများအား ဂုဏ်ပြုသည့် အနေဖြင့် နှစ်စဉ်ကျင်းပခဲ့ကြရာ ယခု ၂၀၂၅ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် (၈၇)ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ယနေ့ကျရောက်သည့် အလုပ်သမားနေ့တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများကိုရင်းကာ ခွဲ၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် ပေးအပ်လျက်ရှိကြသည့် အလုပ်သမားကြီးများအပါအဝင် ပြည်သူအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့သောအချိန်ခါသမယတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် အလုပ်သမားကြီးများအား လေးစားစွာဂုဏ်ပြုပါကြောင်း ဦးစွာပထမဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေး၊ အလုပ်လက်မဲ့နှုန်း ကျဆင်းစေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့်ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့် အလုပ်သမားကြီးများကို လူမှုစီးပွားဘဝမြှင့်တင်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများကို အဆင့်မြှင့်တင်ရေး၊ တိုးမြှင့်တည်ထောင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများသော ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်နိုင်ရေးနှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ရာတွင် အလုပ်သမားများ၏အခန်းကဏ္ဍ ပိုမိုအားကောင်းလာစေရေးအတွက် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုထားပါသည်။ အလုပ်သမားအဖွဲ့အစည်း(၃၁၁၆)ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း (၂၈)ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏အခွင့်အရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားရေးရာ စစ်ဆေးစည်းကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဖွဲ့စည်းပြီး ဒေသတွင်းနိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှစတင်၍ အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network–ASEAN–OSHNET) တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**❖ နိုင်ငံတော်အစိုးရသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေး၊ အလုပ်လက်မဲ့နှုန်းကျဆင်းစေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိ . . .**

**❖ မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်၊ ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျပြန်လည်အသုံးချနိုင်ရန်နှင့် ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ ၎င်းတို့၏မိသားစုထံသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် မိသားစုလွှဲပို့ငွေများလွှဲပို့ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ အလုပ်သမားများကို ဥပဒေနှင့်အညီ ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးလျက်ရှိ . . .**

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ILO မှ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် တိုက်တွန်းချက်များကို နိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အစမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကိုလည်း ILO နှင့် ပူးပေါင်းဖြေရှင်းလျက်ရှိပါသည်။

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက် (၁၈၂)အရ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့်ခိုင်းစေခြင်းမရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်တားဆီးခြင်း၊ ပညာပေးဟောပြောခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ဖြင့် ထိန်းသိမ်းကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရေးနှင့် အငြင်းပွားမှုများအား တရားမျှတစွာဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရေးတို့မှာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (၂၉၈၂) ဖွဲ့၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ (၃၂၅)ဖွဲ့၊ ခုံသမာဓိအဖွဲ့(၁၅)ဖွဲ့၊ ခုံသမာဓိကောင်စီ(၁)ဖွဲ့တို့ဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းသွားရောက်၍လည်း အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေခြင်းသာမက ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်းအကျိုးကျေးဇူးကိုပါ ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးအတွက် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအရ အကျုံးဝင်မြို့နယ်ပေါင်း (၁၂၆) မြို့နယ်မှ အာမခံအလုပ်သမားအား ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း၌လည်း အာမခံအလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်ဖြစ်သော ကျပ်ငွေသန်းပေါင်း **၇၁၈၅၅ ဒသမ ၅၄၉ (၇၁ ဒသမ ၈၅၆ ဘီလီယံ)** ထောက်ပံ့ပေးခဲ့ပြီး ရာဂိမုန်တိုင်းအရှိန်ကြောင့် ရေဘေးသင့်ခဲ့ရသည့် အာမခံအလုပ်သမား (၃၃၉၄)ဦး ကိုလည်း ကျပ်ငွေသန်းပေါင်း **၂၆၆ ဒသမ ၂၉၇** ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ပြင်းအား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိသည့် မန္တလေးငလျင်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ကျပ်ငွေသန်းပေါင်း **၂၁၇၀၃ ဒသမ ၁၀၄ (၂၁ ဒသမ ၇၀၃ ဘီလီယံ)** ကို ထောက်ပံ့ပေးအပ်ရန် စီစဉ်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများကြောင့် ပြည်တွင်းတွင် အလုပ်သမားရှားပါးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးတို့ကိုဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် Job Fair များကျင်းပကာ One Stop Service ဖြင့် အလုပ်ခန့်နိုင်အောင် အလုပ်ရှင်များနှင့် ပူးပေါင်းစီစဉ်ပေးခြင်း၊ ထိရောက်သော အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System ရေးဆွဲကာ Website တွင် လွှင့်တင်ပေးထားပါသည်။ ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသောနိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလပြည့်မြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအရေအတွက်နှင့် စေလွှတ်ပေးရမည့် အရေအတွက်တို့အား နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ အလုပ်သမားများ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်၊ ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျပြန်လည်အသုံးချနိုင်ရန်နှင့် ပြည်ပရောက်မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ ၎င်းတို့၏ မိသားစုထံသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် မိသားစုလွှဲပို့ငွေများ လွှဲပို့ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်၍ အလုပ်သမားများကို ဥပဒေနှင့်အညီ ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးလျက်ရှိပါသည်။ ပြည်ပရောက် မြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်တာဝန်ပေးထားပြီး အလုပ်သမားသံအရာရှိမရှိသည့်နိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အလုပ်သမားတို့၏ အခန်းကဏ္ဍမှာ ကြီးမားစွာပါဝင်လျက်ရှိပါသည်။ ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှကုန်များဝယ်ယူတင်သွင်းနေရသည့်နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့်နိုင်ငံဖြစ်လာစေရေး ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစုကြီး၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဉာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထို့ကြောင့် ကျွန်ုပ်သည် (မြင်း ၁၀ ပွဲ ပြေးမည်အနက်) ကျန်သောမြင်းသုံးပွဲကို ကိုထွန်းသန်းနှင့်လွတ်အောင်ရှောင်နေပြီး နောက်ဆုံး ၁၀ ပွဲတွင်မှ ဒေစီအတွက် ဝင်း ငါးကျပ်၊ ပလေး ငါးကျပ်ထိုးလိုက်၏။ ပန်းလွတ်သောအခါ ဒေစီသည် တစ်လျှောက်လုံး ရှေ့ကပြေးလာပြီးမှ အဝင်တွင် ဒုတိယဖြစ်ပြီး 'ပလေး' သာ ရလိုက်တော့သည်။ သို့သော် ၅၁ ကျပ်မျှ လျော်သောကြောင့် ထိုနေ့က ဒေစီ၏လျော်ကြေးမှာ တခြားပွဲများမှ 'ဝင်း' ထက်ပင် ပိုသေးသည်ဟု ပြောကြသည်။ 'ဝင်း' မတိုက်သော်လည်း လျော်ကြေးအများဆုံးသောမြင်းကိုရွေးပြီး အိပ်မက်ရသည်ဟု ပြောစရာရှိနေလေသည်။

## ဒုတိယအိပ်မက်

ထို့နောက် တစ်လခန့်ကြာ၍ ကျွန်ုပ် အိပ်ရာမှ နိုးလာသောအခါ (Larry) 'လာရီ' ဟူသော အင်္ဂလိပ်စာလုံးကြီး ဘလက်ဘုတ်၌ ရေးထားခြင်းကို အိပ်မက်ထဲ၌ မြင်လိုက်ရသည်ဟု သတိပေါ်လာ၏။ ထိုနေ့မှာ ဟင်ဒီကက်ထွက်ပြီးဖြစ်၍ ကိုထွန်းသန်းကို မေးကြည့်ရာ ၎င်းက 'လာရီ' ဟူသော မြင်းရှိ၍ ဤတစ်ပတ်လည်း ပြေးမည့်အကြောင်း၊ သို့သော် 'ခဲ' လေးလွန်းသောကြောင့် နိုင်လိမ့်မည်မထင်ကြောင်းပြော၏။ (ကိုထွန်းသန်းကား ကျွန်ုပ်တွေ့ဖူးသမျှသော လူများအနက်တွင် ယုံခဲဆုံးသော လူတစ်ယောက်ဖြစ်၏။) ကျွန်ုပ်မူကား သူပြောချင်ရာ ပြောစေ၊ 'လာရီ' ကို လောင်းမည်ဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်၏။ မြင်းပွဲကား သုံးရက်လိုသေး၏။ ကျွန်ုပ်သည် ထိုစဉ်က ဗြိတိသျှဘားမားမဂ္ဂဇင်းအတွက် စုံထောက် မောင်စံရှားဝတ္ထုတစ်ပုဒ် ၅၀ ကျပ်နှုန်းဖြင့် လတိုင်းရေးလျက်ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ဝတ္ထုတစ်ပုဒ်ရေး၍ မဂ္ဂဇင်းတိုက်သို့ သွားပြီးလျှင် စနေနေ့မှ ငွေ ၅၀ ကျပ်လာယူမည်ဆိုကာ ကော်ပီပေးထားခဲ့၏။ စနေနေ့တိုင်ရောက်လာသောအခါ မန်နေဂျာကိုဆိုင်က ငွေ ၅၀ ကျပ်မရှိကြောင်း၊ ၂၅ ကျပ်သာရှိကြောင်းပြော၍ စိတ်ပျက်စွာဖြင့် ၎င်းကို ယူခဲ့ရလေ၏။ ထို့နောက် ကိုထွန်းသန်းနှင့်အတူ ထွက်လာကြရာ ကိုထွန်းသန်းသည် ကျွန်ုပ်၏ 'တစ်'ကို မယူလိုသည့်အပြင် ကျွန်ုပ်အားပင် 'လာရီ'ကို မလောင်းဖို့ တစ်လျှောက်လုံး ဖျက်ပါသေးသည်။ မြင်းပွဲသို့ ရောက်ကြသောအခါ လာရီမှာ မြင်းပွဲ ၁၀ ပွဲအနက် နောက်ဆုံးပွဲ၏ အရင်တစ်ပွဲ(ကိုးပွဲ)တွင် ပြေးမည်ဟု သိရ၏။ တစ်ပွဲ၊ နှစ်ပွဲပြေးပြီးသောအခါ ကိုထွန်းသန်းက 'လာရီ' ကို ကျွန်ုပ် တကယ်ယုံကြည်ခဲ့လျှင် ငွေများများနိုင်စေခြင်းငှာ တတိယပွဲ၌ သေချာပေါက်နိုင်မည့်မြင်းကို (နာမည်ကိုတော့ ကျွန်ုပ်မေ့သွားပြီ) လောင်း၍ရသောလျော်ငွေဖြင့် လာရီကို လောင်းနိုင်



ကြောင်းပြော၏။ ကျွန်ုပ်မှာလည်း လောဘဝင်လာပြီဖြစ်၍ ငွေ ၅၀ ကျပ်ပါခဲ့ဖို့ စီစဉ်ထားပြီးမှ ၂၅ ကျပ်မျှသာ ပါလာသည်နှင့် မကျေမချမ်းဖြစ်နေသောကြောင့် သူ့စကားကို နားဝင်သွား၏။ ဤတွင် ငွေ ၁၀ ကျပ်လောင်းလိုက်ရာ ပါသွားလေသည်။ သူ့မှာလည်း ပြောင်လေပြီ။ ရှုံးသောလူများသည် ဝမ်းဟာတတ်၍ နိုင်သောလူများမှာ ဘာမျှမစားဘဲနှင့် ကျေနပ်ပြီး ဗိုက်ပြည့်နေတတ်ခြင်းမှာ ကစားသမားများ၏ ဓမ္မတာဖြစ်၏။ အချိန်မှာ နှစ်နာရီကျော်ပြီဖြစ်ရာ ကျွန်ုပ်တို့ နှစ်ယောက်စလုံး အူတကြုတ်ကြုတ်နှင့် အလွန်ဆာလျက်ရှိကြ၏။ 'လာရီ' ၏ပွဲမှာ တစ်နာရီခွဲခန့်လိုသေး၏။ မစောင့်နိုင်တော့ချေ။ ဤတွင် ကျွန်ုပ်တို့သည် လက်ဖက်ရည်ခန်းထဲသို့ဝင်၍ တစ်ကျပ်ဖိုးမျှစီ လက်ဖက်ရည်သောက်လိုက်ကြသဖြင့် ရှစ်ကျပ်သာ ကျန်တော့၍ 'လာရီ' ၏ ပွဲတိုင်ရောက်သောအခါ ငါးကျပ်တန် 'ဝင်း' လက်မှတ်တစ်စောင်သာ စုတ်နိုင်ပါတော့သည်။ ကျွန်ုပ်မှာ ဂနာမငြိမ်ဖြစ်နေသည်နှင့် သွေးငြိမ်စိမ့်သောငှာ အရက်တစ်ခွက်စီသွား၍ သောက်လိုက်ကြသည်။ 'လာရီ' ကို 'ပက်ဒေါ့' သို့ ထုတ်လာသောအခါ အလွန်ဆိုးပုံရသော မြင်းနက်ကြီးဖြစ်၍ ကြိုးနှစ်ချောင်းနှင့်ဆိုက်ကုလားနှစ်ယောက်ကိုင်ရ၏။ ကိုထွန်းသန်းက ခင်ဗျာ့ကောင်ကြီးက ဆိုးကဆိုးသနဲ့၊ ဂိတ်မှာ ကျန်ရစ်ပါလိမ့်မည်"ဟု ပြောသေး၏။ သို့သော် လွှတ်လိုက်သောအခါ အုပ်ထဲကလိုက်သော်လည်း ပန်းအဝင်တွင် ထိုးတက်လာပြီး ရှေ့ဆုံးမှဝင်သွားလေသည်။ လျော်ငွေကား လက်မှတ်တစ်စောင်အတွက် ၁၅၁ ကျပ်ရလေသည်။

ကျွန်ုပ်မှာ အိမ်ကပါလာခဲ့သော ငွေ ၂၅ ကျပ်မှ ၁၅၁ ကျပ်ဖြစ်လာ၍ အမြတ်ကြီးရသော်လည်း မူလကြံရွယ်ချက်အတိုင်း ၅၀ ကျပ်ဖိုးလောင်းလိုက်လျှင် ၁၅၁၀ ကျပ်ရမည်ဆိုကာ မကျေမချမ်းဖြစ်နေမိသေး၏။ ဤကား လောဘသားတို့၏ ဓမ္မတာပေတည်း။

## တတိယအိပ်မက်

တစ်စုံတစ်ယောက်သောသူက ကျွန်ုပ်အား အိပ်မက်ပေးခြင်းဖြစ်ခဲ့လျှင် 'ဤလူကားထိုက်တန်သောလူတစ်ယောက်မဟုတ်'ဟု ဆိုကာ အိပ်မက်မပေးဘဲနေလေသလောမပြောတတ်။ ထို့နောက်တွင် အိပ်မက်မရတော့ဘဲ ကိုးနှစ်ခန့်ကြာသောအခါမှ အလွန်ထူးဆန်းသော အိပ်မက်တစ်ခု မက်ရပြန်သည်။ အိပ်မက်ထဲ၌ ကျွန်ုပ်သည် တရုတ်ကလပ်တွင် လေးကောင်ဂျင်ထိုးလျက်ရှိ၏။ ထိုဂျင်မှာ လေးကောင်ဂျင်ဆိုသော်လည်း လေးကွက်တည်းမဟုတ်ဘဲ အကွက်ပေါင်း ၂၀ ခန့်ရှိ၍ အကွက်များတွင် ထုံးစံအတိုင်း ကြက်၊ ဝက်၊ ငါးရှဉ့်၊ ဖားတည်းဟူသော အရုပ်လေးကောင်မဟုတ်ဘဲ ဂဏန်းများ ရေးထားသည်ကိုမြင်ရ၏။ ဂဏန်းများမှာလည်း အင်္ဂလိပ်ဂဏန်းများဖြစ်၏။ ကျွန်ုပ်သည် တခြားလူများနှင့်အတူ ခုံရှည်ပေါ်တွင် ဂျင်ထိုးနေရာ တရုတ်က သုံးကြိမ်ဖွင့်ခြင်းကိုမြင်ရ၏။ မြင်ရသောဂဏန်းများမှာ (14-8-6) တို့ဖြစ်လေ၏။ အိပ်ရာမှနိုး၍ ဂဏန်းပါသော ဂျင်ဟုမရှိပါဘဲလျက် ထူးထူးဆန်းဆန်း မြင်မက်ခြင်းကိုစဉ်းစားလျက်ရှိစဉ် ထိုနေ့သည်ကား မြင်းပွဲနေ့ဖြစ်ခြင်းကို ဖြုန်းခနဲသတိရ၏။ ဤမျှသာမကသေး။ ထိုစဉ်ကမူ 'သုံးကောင်စွပ်'ပေါ်လျက်ရှိခြင်းကိုလည်း သတိရ၏။ ဤတွင် သုံးကောင်စွပ်အတွက် အိပ်မက်ဖြစ်ရမည်ဟု တွေးထင်လိုက်ပါတော့သည်။

သို့ဖြစ်၍ အိမ်၌ရှိသမျှသော ငွေ ၃၀ ကျပ်ကို ယူပြီး မြင်းပွဲသို့ သွားပါတော့သည်။ ဤတစ်ကြိမ်၌မူ ကိုထွန်းသန်းမရှိတော့ဘဲ မိမိတစ်ယောက်တည်း သဘောအတိုင်း လုပ်နိုင်ပေတော့မည်ဟု အောက်မေ့မိပါသေးသည်။ မြင်းပွဲသို့ ရောက်သောအခါ သုံးကောင်စွပ် ပထမတွဲပွဲပြေးခါနီးတွင် အိမ်နီးချင်းတစ်ယောက်နှင့်တွေ့၍ 'ဘာထိုးသလဲ'ဟု မေးသဖြင့် '14' ဟု ပြောလိုက်ရာ သူလည်း ပြေး၍ ထိုးသေးသည်။ ကျွန်ုပ်မူကား '14' အတွက် ငွေ ၂၅ ကျပ်ဖိုး (ငါးစောင်) စုတ်လိုက်သည်။ ၎င်းပွဲတွင် '14' နံပါတ် မြင်းပင်ဝင်၍ လျော်ငွေ ၂၄ ကျပ်စီ ရသောကြောင့် စုစုပေါင်း ၁၂၀ ကျပ်ရလေသည်။ ပျဉ်ပြားပေါ်တွင် နိုင်သောမြင်းနံပါတ် '14' ကို မြေဖြူဖြင့်ရေး၍ မြှောက်တင်လိုက်သောအခါ ပျဉ်ပြားပေါ်၌ ရေးထားသော '14' မှာ အိပ်မက်ထဲတွင် 'ဂျင်' ပေါ်၌ ရေးထားသည့် '14'နှင့် လူတစ်ယောက်တည်း ရေးထားသည့်လက်ရေးကဲ့သို့ အလွန်တူသည်ကို ကျွန်ုပ်မြင်ရသောအခါ ငါကား ယနေ့ သေချာပြီဟု အကြီးအကျယ်ဝမ်းသာမိပါတော့သည်။

ကျွန်ုပ်သည် ငယ်စဉ်ကတည်းက အလုပ်သမားများနှင့်အတူနေခဲ့ရ၍ လောင်းကစားခြင်းအလုပ်၌ ဝါသနာထုံလျက်ရှိသော်လည်း စင်စစ်အားဖြင့် နိုင်ဖို့ လောဘကြီးသူ တစ်ယောက်မဟုတ်။ မရှုံးဘဲနှင့် ပျော်နေရလျှင် ကျေနပ်နိုင်သူတစ်ယောက်ဖြစ်၏။ တချို့က လောင်းကစားပွဲမှထလာ၍ အရင်းဖြစ်သည်ဆိုလျှင် အလကားညောင်းတာပါပဲဟု ပြောတတ်ကြ၏။ ကျွန်ုပ်မူကား အရင်းဖြစ်နေသည်ဆိုလျှင် လောင်းကစား၍ ပျော်ရခြင်းအတွက် မြတ်သည်ဟု ယူဆနိုင်သည်။ ထိုသူတို့က နိုင်ချင်၍ ကစားသည်ဟု ဆိုကြရာ ကျွန်ုပ်မူကား ရှုံးမည်လော၊ နိုင်မည်လော၊ သို့လော သို့လော (Suspense) ဖြစ်နေရခြင်းသည် အရသာတစ်ခုဖြစ်သည်ဟုယူဆ၏။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာကား မနိုင်ချင်နေ၊ မရှုံးလျှင် ကျေနပ်သည်ဟုဆိုနိုင်၏။ သို့ဆိုလျှင် ပိုက်ဆံမလောင်းဘဲ အလကားတမ်းကစားလျှင် ဖြစ်နိုင်သည်မဟုတ်လောဟု မေးဖွယ်ရှိ၏။ ကျင်လည်မှုနှင့်ဆိုင်သော ကစားနည်းမျိုးတွင် ပိုက်ဆံမလောင်းဘဲ ပျော်နိုင်သော်လည်း ကံကစားနည်းမျိုးတွင် ပိုက်ဆံမလောင်းဘဲမပျော်နိုင်၊ အဓိပ္ပာယ်မရှိချေ။ ဤအကြောင်းများကို ရှင်းလင်းဖော်ပြရခြင်းမှာ ဤသုံးကောင်စွပ်ပွဲ၌ ကျွန်ုပ်လောင်းပုံကို နားလည်ကြစေရန် ဖြစ်လေသည်။

ဆက်လက်ဖော်ပြပါမည်။

# တနင်္သာရီမြို့နယ်၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲနှင့် သနပ်ခါးလိမ်းခြယ်ပွဲကျင်းပ

**တနင်္သာရီ ဧပြီ ၃၀**

မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)သို့ ၂၀၂၅ ခုနှစ်တွင် အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့်ပတ်သက်၍ ပညာပေးဟောပြောပွဲနှင့် သနပ်ခါးလိမ်းခြယ်ပွဲ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ဧပြီလ ၂၉ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ခံ ဒေါ်သန်းမြတ်ထူးက မြန်မာအမျိုးသမီးများ၏ပါးပြင်ပေါ်က မြတ်နိုးဖွယ်ရာ မြန်မာ့သနပ်ခါးအကြောင်းကို လည်းကောင်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်မာဦးက မြန်မာ့သနပ်ခါးနှင့် ကျန်းမာရေးအကျိုးကျေးဇူးများအကြောင်းကို လည်းကောင်း အသိပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထိန်ဝင်းက မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ပွဲအခမ်းအနား ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသည့်အမျိုးသမီးများက သနပ်ခါးသွေးကြ၍ အပြန်အလှန်လိမ်းခြယ်ပေးကြကြောင်း သိရသည်။

နန်းသာရီ(ပြန်/ဆက်)

# တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက်သင်ကြားပေးမည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၃၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးမည့်တက္ကသိုလ်၊ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ နေပြည်တော်ကောင်စီပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သင်ကြားမည့် ဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို သတ်မှတ်ထားသောကျောင်းများ၌ မေလ ၂ ရက်တွင် စတင်သင်ကြားပေးရန်စာရင်းပေးထားသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမပေါင်း ၁၀၇၆ ဦးရှိကြောင်း၊ လေဆိပ်၊ ကားဂိတ်တို့တွင် တာဝန်ရှိသူများက ကြိုဆိုနေကြမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ခံစားရသည့်ဒေသများမှ ကျောင်းသား၊ ကျောင်းသူများကို စာမေးပွဲကောင်းမွန်စွာဖြေဆိုနိုင်ရန်အတွက် လာရောက်ကူညီပေးခြင်းဖြစ်သည့်အတွက် ဆရာ၊ ဆရာမများနေထိုင်၊ စားသောက်၊ သွားလာရေးအဆင်ပြေစေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးများနှင့် ပညာရေးမှူးရုံးအသီးသီးရှိ ဝန်ထမ်းများက ဝိုင်းဝန်းစောင့်ရှောက်ကူညီပေးကြရမည်ဖြစ်ကြောင်း၊ စာမေးပွဲပြန်လည်ဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများကို သွားရောက်သင်ကြားပေးခြင်းသည် ပညာဒါနမြောက်သည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာများ၊ မေးခွန်းပုံစံများကို သေချာစွာနားလည်သဘောပေါက်နိုင်စေရန် စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် စာသင်ကြားပေးသည့်အစီအစဉ်တွင်ပါဝင်ကြမည့် ဆရာ၊ ဆရာမများအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ဘာသာရပ် ပါမောက္ခများက ဆရာ၊ ဆရာမများကို သင်ပြနည်းများလေ့ကျင့်ပေးရေးနှင့်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက်တက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုဝန်ကြီးသည်ငလျင်ဘေးဒဏ်သင့်ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန် နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေအိမ်များခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ်ခံနိုင်မှုရှိစေရေး၊ အရည်အသွေးများပြည့်မီစေရေး၊ အမြန်ပြီးစီးရေးတို့အတွက် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက် အောင်နိုင်ရေး၊ လေ့ကျင့်ရေးနှင့် နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များဆွေးနွေး



နေပြည်တော် ဧပြီ ၃၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေးအတွက် အောင်နိုင်ရေး၊ လေ့ကျင့်ရေးနှင့် နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၁)ရှိ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်အောင်မြင်မှုဆုတံဆိပ်များရရှိစေရေးအတွက် အောင်နိုင်ရေးကို ရှေးရှုပြီး လေ့ကျင့်ရေးပိုင်း၊ နည်းစနစ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် နေပြည်တော်နှင့် ရန်ကုန်တို့တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့များ၏ နေထိုင်စားသောက်မှုများ၊ လေ့ကျင့်နေမှုအခြေအနေများနှင့်ပတ်သက်ပြီး အသေးစိတ်တင်ပြဆွေးနွေးပေးသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ခံညွှန်ကြားရေးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့က တင်ပြဆွေးနွေးခဲ့မှုများအပေါ် ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အားကစားအောင်နိုင်ရေးအတွက် အားကစားလေ့ကျင့်မှုများနှင့် အောင်မြင်မှုများ အရှိန်အဟုန်မပြတ်ဆက်လက်လေ့ကျင့်ဆောင်ရွက်နိုင်စေရန် အားကစားကွင်း၊ အားကစားရုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်လေ့ကျင့်ပေးနိုင်ရန် တာဝန်ရှိသူများက ကြပ်မတ်စီစဉ်ဆောင်ရွက်သွားရန်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ရန်ကုန်-မန္တလေးလမ်းဟောင်း၌ ဆေးလိုင်းရေးဆွဲနေမှုနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (မန္တလေး-နေပြည်တော်လမ်းပိုင်း)ရှိ ထိခိုက်ပျက်စီးသွားသည့် လမ်း၊ တံတားများ ဒုတိယဝန်ကြီး ဦးဝင်းဖေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ် ၃၉၁/၀ မှ ၃၉၁/၁ ထိ (မြစ်ငယ်မြို့နှင့် မန္တလေးကြား)တွင် BOT စနစ်ဖြင့် လမ်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် သော်တာဝင်းကုမ္ပဏီမှ Thermoplastic ဆေးလိုင်းရေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (မန္တလေး-နေပြည်တော်လမ်းပိုင်း)ရှိ အင်အားပြင်းငလျင်ကြောင့် ပြိုကျပျက်စီးသွားခဲ့သည့် မိုင်တိုင်အမှတ် ၃၅၈/၁ နှင့် ၃၅၈/၂ ကြားရှိ ဒုဋ္ဌဝတီတံတားကို ကြည့်ရှုပြီး မူလတံတားဟောင်းအစွန်းမှ ၁၀၅ ပေခွာ၍ ရေဆန်ဘက်တွင် လျာထားသည့် ဒုဋ္ဌဝတီတံတားအသစ် လျာထားအူကြောင်းနေရာအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ စကားအင်းတိုးဂိတ်လမ်းအသုံးပြုခကောက်ခံနေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုးဂိတ်အဆောက်အအုံအောက်ခြေအုတ်ခုံပြင်ဆင်နေမှုကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၃၄၉/၅ ၌ လမ်းအနိမ့်အမြင့်ညှိကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အင်အားပြင်းငလျင်ဘေးဒဏ်ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၃၄၆/၀ နှင့် ၃၄၆/၁ ကြားရှိ သမင်လွှဲရိုးချောင်းတံတား၏ တံတားကမ်းကပ်ခုံနှင့် ရက်မများကြား ထိခိုက်ပျက်စီးနေမှုနှင့် တံတားပေါ်တွင် ယာဉ်များအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် သုံးလွှာတစ်ထပ်အရှည်ပေ ၅၀ ယာယီဘေလီတံတား တပ်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်၊ အမြန်လမ်းမကြီးသည် နိုင်ငံတော်အတွက် အရေးပါသည့်လမ်းဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရေးနှင့် ယာဉ်များအဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ Grade-12 ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စာပေလေ့လာကျက်မှတ်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရား၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးနန်းမြို့ရိုး၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပဲကတိုရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့်စစ်ကိုင်းတက္ကသိုလ်အားလည်းကောင်း၊ ပတ္တမြားရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့်စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် Grade-12 ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စခန်းသွင်း သင်ကြားပို့ချမည့်နေရာများအားလည်းကောင်း၊ ရွှေမင်းဝံရပ်ကွက်ရှိ ရွှေမင်းဝံဈေးအတွင်း ဈေးသည်များ စိတ်အေးချမ်းသာစွာ ဈေးရောင်းချနေမှုအားလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ Grade-12 ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုရန်စာပေလေ့လာကျက်မှတ်နေမှုတို့အားလည်းကောင်း၊ တကောင်းရပ်ကွက်ရှိ အိမ်တော်ရာကျောက်စေတီ၊ အောင်မြေလောကစေတီတော်၊ ပိုးတန်းရပ်ကွက်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို ရှင်းလင်းဖယ်ရှားနေမှုများအားလည်းကောင်း၊ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့၊ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့်သယ်ယူပို့ဆောင်နေမှုများနှင့် ဇက်ကူးတို့ အတက်အဆင်းလမ်းများ ဆောင်ရွက်ပြီးစီးမှုများအားလည်းကောင်း၊ ရွာထောင်ရပ်ကွက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသောကျောင်းဆောင်အဆောက်အအုံများအားလည်းကောင်း၊ သောတာပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်၊ လေးကျွန်းမာရ်အောင်မြတ်စွာဘုရားနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ၊ အရန်စေတီများနှင့်လူနေအဆောက်အအုံများကို ရှင်းလင်းဖယ်ရှားနေမှုများအားလည်းကောင်း၊ ထုံးဘိုရပ်ကွက်ရှိငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့သွားရောက်ကာ စခန်းအတွင်း စည်းကမ်းစနစ်တကျရှိစေရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ နန်းမြို့ရိုးသို့သွားရောက်၍ မြို့ရိုးပတ်လည်ရှိ ပြကလေးပြာသာဒ်များတွင် မှန်ကင်းတိုင်များတည့်မတ်ခြင်း၊ ထီးတော်တည့်မတ်ခြင်းလုပ်ငန်းများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းပြုပြင်နေမှုများအားလည်းကောင်း၊ ကျော်မိုးတံခါးရှိငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများအားလည်းကောင်း၊ မြို့ရိုးပေါ်ရှိငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့်အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် မဟာအောင်မြေမြို့နယ်ရှိ ဂရိတ်ဝေါဟိုတယ်နေရာသို့လည်းကောင်း၊ မန္တလေးမြို့၏အဓိကလမ်းမကြီးများထဲတွင် ပါဝင်သည့် ၂၆ လမ်းမကြီးနှင့် ၇၃ လမ်းမကြီးများပေါ်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးသွားသောအန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများအားလည်းကောင်း၊ သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား ဦးစားပေး၍ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်သွားရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၇ သို့ ➲**

# ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာအား ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူး ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၃၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာအား ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းစင်တာခန်းမဆောင်၌ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ယခုသဘာဝဘေးတွင်လည်း မူလအခြေအနေထက်မြင့်မားသော အခြေအနေရောက်အောင် နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် စည်းလုံးညီညွတ်စွာဝိုင်းဝန်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုဘဏ္ဍာရန်ပုံငွေတို့ဖြင့် ဒေသခံတိုင်းရင်းသားလူငယ်များ၏ သက်မွေးပညာသင်တန်းများ ပုံမှန်ပြန်လည် ဖွင့်လှစ်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ သင်တန်းများဖွင့်လှစ်ရာတွင်လည်း ဒေသခံတိုင်းရင်းသားများ၏ ဒေသနှင့်ကိုက်ညီပြီး ပိုမိုအကျိုးဖြစ်ထွန်းစေမည့် သင်တန်းပညာရပ်များကို ကွင်းဆင်းစစ်တမ်းကောက်ယူပြီး သင့်တော်သော သင်တန်းများကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်သည်အထိ ရွေးချယ်သင်ကြားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက အားပေးစကားပြောကြားပြီး ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံးရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကာ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းစင်တာ ပင်မလေးထပ်အဆောက်အအုံအတွင်းရှိ အစည်းအဝေးခန်းမ၊ သင်တန်းခန်းမများ၊ ရုံးခန်းများ၊ သင်တန်းသား၊ သင်တန်းသူ အိပ်ဆောင်များ ထိခိုက်ပျက်စီးမှုများ၊ ပင်မအလုပ်ရုံခန်းမများ၊ စားရိပ်သာဆောင်နှင့် သင်တန်းစင်တာဧရိယာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အစိတ်အပိုင်းများကိုအဆောက်အအုံအင်ဂျင်နီယာစစ်ဆေးရေးအဖွဲ့များ၏စစ်ဆေးအကြံပြုချက်များအတိုင်း အမြန်ဆုံးပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဒေသခံတိုင်းရင်းသားလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ပြည်ထောင်စုနှင့် ရှမ်းပြည်နယ် ဘဏ္ဍာရန်ပုံငွေများဖြင့် သက်မွေးပညာသင်တန်းများ (၂၂) ကြိမ် ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၄၄၀ ဦးကို မွေးထုတ်ပေးနိုင်ခဲ့သည်။ အဆိုပါသင်တန်းသား၊ သင်တန်းသူများသည် ၎င်းတို့ရပ်ရွာဒေသများတွင် သင်တန်းမှသင်ကြားပို့ချပေးသည့် ပညာရပ်များဖြင့် လက်တွေ့အသုံးချအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**⊃ စာမျက်နှာ ၆ မှအဆက်**

၎င်းနောက် ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သောအင်းဝတံတားသို့သွားရောက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် ၄/၅ တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ လုပ်ငန်းပြီးစီးမှုများအား နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အမရပူရမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ငလျင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုအားလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပ စစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများအားလည်းကောင်းကြည့်ရှုစစ်ဆေး၍တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများပြန်လည်သင်ကြားလေ့ကျင့်နေသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသူ၊ ကျောင်းသားများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက်ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား၊ရွှေကြက်ယက် ဆုတောင်းပြည့် မြတ်စွာဘုရား၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ၊ မာနိတာရာမပရိယတ္တိစာသင်တိုက်နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများအားလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများပေးအပ်လှူဒါန်းခြင်း၊ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များကို စားသောက်ဖွယ်ရာများပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ ကံဦးရပ်ကွက်၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့်မန္တလေးမြေငလျင်ကြီးကြောင့် ကျောက်ဆည်ခရိုင်အတွင်း အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအား လတ်တလောစားသောက်ရေးအဆင်ပြေစေရန် (၁)လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် (၁)မိနစ်ငြိမ်သက်ခြင်း၊ ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူ (၁)ဦးစီအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ငွေကျပ်(၁၀) သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၅)သိန်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှ(၃)သိန်း စုစုပေါင်း (၁၈)သိန်းနှုန်းဖြင့် အသက်ဆုံးရှုံးခဲ့ရသူ (၃၆၃)ဦးအတွက် ကျပ်သိန်းပေါင်း(၆၅၃၄) သိန်းကျပ်နှင့် စားနပ်ရိက္ခာအနေနဲ့လူ(၁)ဦးလျှင်(၁)လစာ အတွက်ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ရိက္ခာ(၅)မျိုး လူဦးရေ(၇၂၆၀၀)ဦးအတွက် ကျပ်သိန်းပေါင်း(၃၈၄၄၉)သိန်းကျော်နှင့် စုစုပေါင်းကျပ်သိန်းပေါင်း(၄၄၉၈၃)သိန်းကျော် ထောက်ပံ့ပေးခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများအား နိုင်ငံတော်မှ အင်တိုက်အားတိုက် လိုအပ်သလိုကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားမငယ်ဘဲ ခိုင်မာသောစိတ်ဓာတ်ဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အားပေးစကားပြောကြားခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့၊ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် လက်ပန်ဇင်ကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ အင်းကုန်း အ.မ.က ကျောင်းတို့၌ ဆေးကုသပေးလျက်ရှိသော မလေးရှားနိုင်ငံမှ Mrs. Masniza ခေါင်းဆောင်သော MERCY Malaysia ဆေးကုသရေးအဖွဲ့အားကျေးဇူးတင်စကားပြောကြား၍ ဆေးကုသရေးဆောင်ရွက်နေမှုနှင့် စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ပညာပေးရေးလုပ်ဆောင်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးကုသမှုခံယူနေသော ပြည်သူများအား အားပေးစကားပြောကြားခဲ့ကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကိုးပင်ကျေးရွာအုပ်စု၊ ဇလဲကျေးရွာ၊ ဇလဲဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက်ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအား အားပေးစကားပြောကြားခဲ့ကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့ရှိ UNITY HEART မှ ဦးစီး၍ ဖွင့်လှစ်ပေးထားသော ငလျင်ဘေးသင့်ပြည်သူများအတွက် ကြက်မင်းတွန်းရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၁)နှင့် ဖောင်ရှွာရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၂)ကယ်ဆယ်ရေးစခန်းတို့အား သွားရောက်၍ ယခင်ကမှာကြားထားသည့်အတိုင်း လူနေတဲများအား မိုးလုံနေပူဒဏ်လုံအောင် ဆောင်ရွက်စေခြင်း၊ သောက်ရေသုံးရေကန်များ စနစ်တကျဆောင်ရွက်စေခြင်း၊ စည်းကမ်းတကျ နေထိုင်နိုင်ရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့်စနစ်တကျဆောင်ရွက်စေရေး၊ သန့်စင်ခန်းများအား ယင်လုံအောင် စနစ်တကျဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစု ထားရှိစေရေးတို့အား ပြန်လည်စစ်ဆေးခဲ့ပြီး မကြာမီမိုးကျတော့မည်ဖြစ်သဖြင့်ဝမ်းရောဂါနှင့် ကူးစက်ရောဂါများမဖြစ်ပွားစေရေး မှာကြားခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက်ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

၎င်းနောက် ဆူးကုန်းရပ်ကွက်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီနေထိုင်နိုင်ရေး Modular House များ တပ်ဆင်နေသည့်အခြေအနေအားကြည့်ရှုစစ်ဆေးခဲ့ပြီး အမြန်ဆုံးတပ်ဆင်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၃၀

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ပခုက္ကူ | ၄၀ | ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ဆင်ဖြူကျွန်း | ၃၇ | ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | ညောင်လေးပင် | ၃၆ | ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၉ | ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ထားဝယ် | ၃၆ | ဒသမ ၇ ဒီဂရီဆဲလ်စီးယက် | မြိတ် | ၃၆ | ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ကော့ကရိတ် | ၃၉ | ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | ကော့သောင်း | ၃၆ | ဒသမ ၂ ဒီဂရီဆဲလ်စီးယက် | မော်လမြိုင် | ၃၆ | ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |

# နွေရာသီမှာ တွေ့ကြုံနိုင်သော ကျန်းမာရေးပြဿနာများ

နွေရာသီက အရင်နှစ်တွေထက် တစ်နှစ်ထက်တစ်နှစ် ပိုပြီးအပူရှိန်ပြင်းလာပါတယ်။ နွေရာသီမှာ အပူရှိန်ပြင်းလွန်းတာကြောင့် ကျန်းမာရေးပြဿနာတွေလည်း အများကြီးဖြစ်ပေါ်နိုင်ပါတယ်။ အခုလိုရာသီမှာ အပူရှိန်ကြောင့်ဖြစ်တဲ့ ကျန်းမာရေးပြဿနာတွေနဲ့ ခန္ဓာကိုယ်ရဲ့ အပူချိန်ထိန်းသိမ်းတဲ့စနစ်ကို သိရှိဖို့လိုပါတယ်။

ပတ်ဝန်းကျင်အပူချိန်ကို (Environ-mental Temperature) လို့မှတ်ပြီး ခန္ဓာကိုယ်အတွင်းပိုင်းရဲ့အပူချိန်ကို (T.core-Body care temperature)လို့ မှတ်ယူပါတယ်။ အဆိုပါ T.core ကို ၃၇ ဒီဂရီစင်တီဂရိတ်မှာငြိမ်နေအောင် ထိန်းသိမ်းထားနိုင်ရပါမယ်။ ပတ်ဝန်းကျင်အပူရှိန်တက်လာလေ T.core ကို ၃၇ ဒီဂရီစင်တီဂရိတ်ဖြစ်အောင် ခန္ဓာကိုယ်က ကြိုးစားရလေဖြစ်ပါတယ်။ အဲဒီတာဝန်ကို ဦးနှောက်ထဲက ဟိုက်ပိုသဲလမတ် (Hypothalamus) အစိတ်အပိုင်းတစ်ခုက လုပ်ဆောင်ပေးပါတယ်။ ခန္ဓာကိုယ်အပူချိန် ၃၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ကျော်လာတာနဲ့ ခန္ဓာကိုယ်က ချွေးထွက်လာပါတယ်။ အဲဒီအခါ အပူတွေထွက်အောင်လုပ်ပေးပြီး T.core ကို ထိန်းထားနိုင်ရပါတယ်။ အဲဒီလိုမလုပ်ပေးနိုင်ရင် T.core အလွန်အကျွံတက်လာပြီး ခန္ဓာကိုယ်ရဲ့အင်ဇိုင်း (Enzymes) စနစ်တွေ ပျက်စီးသွားပါလိမ့်မယ်။ နောက်ဆက်တွဲအနေနဲ့ အပူကြောင့်လေဖြတ်ခြင်း (Heat stroke) လို့ခေါ်တဲ့ အခြေအနေဆိုးနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။

နွေရာသီမှာ ပူပြင်းလွန်းတာကြောင့် ခံစားရတဲ့ ကျန်းမာရေးပြဿနာတွေကို အပူကြောင့်မိတ်ပေါက်ခြင်း၊ အပူကြောင့်ကြွက်တက်ခြင်း၊ အပူကြောင့်ဖျားခြင်းနဲ့ အပူကြောင့်လေဖြတ်ခြင်းဆိုပြီး လေးမျိုးခွဲခြားနိုင်ပါတယ်။

အပူကြောင့်မိတ်ပေါက်ခြင်းက ချွေးထွက်တဲ့ဂလင်းတွေပိတ်ကုန်ပြီး အဖုအပိမ့်တွေက အင်ပျဉ်ထွက်သလိုထွက်လာတတ်တာမျိုးဖြစ်ပါတယ်။

အပူကြောင့်ကြွက်တတ်ခြင်းက ပူအိုက်တဲ့ရာသီဥတုမှာ ကိုယ်လက်လှုပ်ရှားမှုပြင်းပြင်းထန်ထန်လုပ်မိတဲ့အခါ ကြွက်သားတွေ၊ ခြေသလုံးကြွက်သားတွေနာကျင်ကိုက်ခဲတာမျိုးကို ခေါ်ပါတယ်။ ဆုံးရှုံးသွားတဲ့ဓာတ်ဆားနဲ့ရေကို ပြန်ဖြည့်တဲ့အခါမျိုးမှာလည်း ဆားဓာတ်ထက် ရေဓာတ်ကိုပိုဖြည့်မိတဲ့အခါ၊ ချွေးထွက်များတဲ့အခါ၊ ဓာတ်ဆားရည်မသောက်ဘဲ ရေပဲသောက်နေမိတဲ့အခါမျိုးတွေမှာ ဖြစ်တတ်ပါတယ်။ အဲဒီအခြေအနေမှာ T.core က မတက်သေးဘဲ ပုံမှန်ထိန်းသိမ်းထားပါသေးတယ်။

အပူကြောင့်ဖျားခြင်း ဆိုတာကတော့ T.core က ၃၇ ဒီဂရီစင်တီဂရိတ်ထက် ကျော်လာပြီး ကြွက်သားတွေနာကျင်ကိုက်ခဲတာ၊ နုံးခွေနေတာ၊ ခြေလက်မသယ်ချင်ဖြစ်တာ၊ မူးဝေတာနဲ့ သတိလစ်တာတွေတွဲဖြစ်လာတာမျိုးကို ခေါ်ပါတယ်။ အဲဒီအခြေအနေရောက်ပြီဆိုရင် အဆိုးဆုံးအခြေအနေဖြစ်တဲ့ အပူကြောင့်လေဖြတ်ခြင်းဖြစ်ဖို့ အခွင့်အလမ်းအရမ်းများနေပြီဖြစ်တဲ့အတွက် မြန်မြန်ဆန်ဆန်ကုသဖို့ လိုအပ်ပါတယ်။ ဖြစ်နိုင်ရင် ပတ်ဝန်းကျင်အပူရှိန်ကို မြန်မြန်ချပေးရပါမယ်။ လေအေးပေးစက်တပ်ဆင်ထားတဲ့အခန်းထဲမှာနေဖို့ လိုအပ်ပါတယ်။ ရေဖတ်ရွဲနစ်နေအောင်တိုက်တာ၊ ပန်ကာဖွင့်ထားတာ စတဲ့နည်းလမ်းတွေနဲ့ အပူကျအောင် လုပ်ပေးသင့်ပါတယ်။

ကိုယ်အပူချိန်ကြီးစေတဲ့ တခြားအကြောင်းရင်းတွေရှိပါတယ်။ ဥပမာ-ငှက်ဖျား၊ တိုက်ဖွိုက်၊ သိုင်းရွိုက်ရောဂါတွေနဲ့ သွေးဆိပ်တက်တာတွေဖြစ်ပါတယ်။ ရေနဲ့ဓာတ်ဆား ဆုံးရှုံးမှုများတဲ့အတွက် ဓာတ်ဆားရည် တိုက်ပေးရပါမယ်။ အနည်းဆုံး ဓာတ်ဆားရည် ၅ လီတာဝင်အောင်တိုက်ဖို့လိုပါတယ်။ ဆရာဝန်နဲ့ သူနာပြုဆရာမတွေက လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးရပါမယ်။ သိပ်လိုအပ်ရင် အကြောထဲကနေ Drip သွင်းပေးရတာမျိုးတွေရှိတဲ့အတွက် နီးစပ်ရာကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းတွေနဲ့ အမြန်ဆက်သွယ်ပြီး ဆောင်ရွက်မှသာ အသက်အန္တရာယ် ကင်းဝေးနိုင်မှာဖြစ်ပါတယ်။

အကယ်၍ T.core က ၄၁ ဒီဂရီစင်တီဂရိတ်ထက် ကျော်သွားပြီဆိုရင်တော့ အသက်ဆုံးရှုံးဖို့ လက်တစ်ကမ်းအလိုသာရှိတော့တဲ့ အပူလျှပ်ခြင်းလို့ခေါ်တဲ့အခြေအနေကိုရောက်နေပါပြီ။ အထက်မှာဖော်ပြခဲ့တဲ့ လက္ခဏာတွေအပြင် ကယောင်ကတမ်းပြောခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ တက်ခြင်း၊ ကိုမာလို့ခေါ်တဲ့အခြေအနေနဲ့ နေထိုင်သွားရတတ်ပါတယ်။

**"အပူလျှပ်ခြင်း ဖြစ်နိုင်ခြေများသူတွေကတော့ အသက်အရွယ်ကြီးသူတွေ၊ ဆီးချိုဝေဒနာရှင်တွေ၊ အရက်သေစာသောက်သုံးသူတွေ၊ စိတ်ကျန်းမာရေးဆိုင်ရာဆေးသောက်နေရသူတွေ၊ ဆီးဆေးသောက်နေရသူတွေနဲ့ အရမ်းပူတဲ့အချိန်မှာ အဝတ်အစားထူထူဝတ်ပြီး အားကစားလေ့ကျင့်ခန်းလုပ်မိသူတွေ၊ အရမ်းပူတဲ့အချိန်မှာ အကာအကွယ်မဲ့အပြင်ထွက်သူတွေမှာ ပိုဖြစ်လေ့ရှိပါတယ် . . ."**

အပူလျှပ်ခြင်းဖြစ်နိုင်ခြေများသူတွေကတော့ အသက်အရွယ်ကြီးသူတွေ၊ ဆီးချိုဝေဒနာရှင်တွေ၊ အရက်သေစာသောက်သုံးသူတွေ၊ စိတ်ကျန်းမာရေးဆိုင်ရာဆေးသောက်နေရသူတွေ၊ ဆီးဆေးသောက်နေရသူတွေနဲ့ အရမ်းပူတဲ့အချိန်မှာ အဝတ်အစားထူထူဝတ်ပြီး အားကစားလေ့ကျင့်ခန်းလုပ်မိသူတွေ၊ အရမ်းပူတဲ့အချိန်မှာ အကာအကွယ်မဲ့ အပြင်ထွက်သူတွေမှာ ပိုဖြစ်လေ့ရှိပါတယ်။

ကုသမှုအပိုင်းအနေနဲ့ အတွင်းလူနာအဖြစ် အရေးပေါ်ကြပ်မတ်ကုသခန်းမှာ စနစ်တကျကုသမှုခံယူဖို့လိုအပ်ပါတယ်။ T.core ၄၁ ဒီဂရီစင်တီဂရိတ်ထက် ကျော်နေတာတောင်မှ အချိန်မီကုသမှုခံယူနိုင်ရင် ပြန်ကောင်းလာနိုင်ပါတယ်။ ဒါကြောင့် အရေးကြီးဆုံးက အချိန်မီဆေးရုံရောက်ရှိဖို့ဖြစ်ပါတယ်။

အပူချိန်အပြင် ကာကွယ်မှုအပိုင်းကတော့ အပူကြောင့်ဖြစ်ပေါ်တတ်တဲ့ ခန္ဓာကိုယ်ရဲ့တုံ့ပြန်မှုလက္ခဏာတွေကို သိရှိနားလည်ထားဖို့လိုပါတယ်။ အခြေခံအနေနဲ့ အလွယ်တကူနားလည်လွယ်ခြင်းလို့ခေါ်တဲ့ နေပူထဲထွက်ရင် ထီး၊ ဦးထုပ်ဆောင်းရမယ်ဆိုတာမျိုး၊ ပွပွချောင်ချောင်အဝတ်အထည်တွေ ဝတ်ဆင်တာမျိုး၊ အရိပ်ထဲနေရမယ်ဆိုတာမျိုး၊ ချွေးထွက်များရင် ဓာတ်ဆားရည်သောက်ပေးရမယ်ဆိုတာမျိုး၊ မိတ်ဖုထွက်လာရင် အေးနေအောင်ထားရမယ်ဆိုတာမျိုး၊ ပျစ်ချွဲစေးကပ်နေတဲ့ခရင်မ်တွေ မလိမ်းရတာမျိုးစတဲ့နားလည်လွယ်ခြင်းမျိုးတွေ သိရှိဖို့လိုပါတယ်။

အရေးကြီးဆုံးက အချိန်မီကုသစီမံခြင်း(Timely Managements) လို့ခေါ်တဲ့ အချိန်မီကုထုံးရနိုင်ဖို့အတွက် နီးစပ်ရာကျွမ်းကျင်သူမိသားစုဆရာဝန်နဲ့ လိုအပ်သလိုဆောင်ရွက်ခြင်းနည်းနဲ့ အပူကြောင့်လေဖြတ်ခြင်းဖြစ်မှုနှုန်း၊ နောက်ဆက်တွဲဆိုးကျိုးပြဿနာတွေ ဖြစ်ပေါ်မှုနှုန်းကို ရာနှုန်းပြည့်လျှော့ချပေးနိုင်ဖို့ လိုအပ်ပါတယ်။


အိုဇုန်းလွှာက ခရမ်းလွန်ရောင်ခြည်ကမ္ဘာမြေလွှာပေါ် တိုက်ရိုက်မကျရောက်အောင် တားဆီးပေးတယ်။ အိုဇုန်းလွှာပြီးရင် နီယိုစပီးယားဆိုပြီးရှိပါတယ်။ လူသားတို့ သက်မဲ့ရုပ်ကြွင်းလောင်စာများဖြစ်တဲ့ ရေနံ၊ ကျောက်မီးသွေးနဲ့ သဘာဝဓာတ်ငွေ့တို့ လောင်ကျွမ်းရာကနေ လူသားတို့စီမံထားတဲ့လေအေးပေးစက်၊ ရေခဲသေတ္တာ၊ ရင်ကျပ်ရှူဆေး၊ လက်သည်းဖျက်ဆေးစတာတွေက လေထုထဲပါဝင်မှုများပြီး အိုဇုန်းလွှာပေါက်ပြဲစေပါတယ်။ လူတို့ပြုလုပ်စီမံတဲ့ Chlorofluorocarbon (CFC) နဲ့ တောမီးလောင်ခြင်း၊ မော်တော်ကား၊ လေယာဉ်ပျံ၊ သင်္ဘောများမှ သဘာဝရုပ်ကြွင်းလောင်စာတွေကနေ CFC ထွက်ရှိမှုများလာတာနဲ့အမျှ အိုဇုန်းလွှာပါးပြီး ပေါက်ခြင်းဖြစ်လာပါတယ်။ အိုဇုန်းလွှာပေါက်သွားတာကြောင့် ခရမ်းလွန်ရောင်ခြည်က မွန်းလွဲ (၁-၃) နာရီမှာ အမြင့်ဆုံးဖြစ်ပေါ်နေတတ်ပါတယ်။ ခရမ်းလွန်ရောင်ခြည်က လူသားတို့အပေါ် ကျရောက်ရင် အင်ပျဉ်ထခြင်း၊ အဖုအပိမ့်ထွက်ခြင်း၊ ဓာတ်မတည့်ခြင်း၊ ယားယံခြင်း၊ အရေပြားညိုမည်းစွဲထင်ခြင်း၊ အရေပြားအနာ၊ အရေပြားကင်ဆာ၊ သက်ကြီးပိုင်းမျက်စိတိမ်စွဲခြင်း ဖြစ်စေနိုင်ပါတယ်။

နေရောင်ထဲ မဖြစ်မနေထွက်ရမယ်ဆိုရင် ခရမ်းလွန်ရောင်ခြည်ဒဏ်ကနေ ၉၉ ရာခိုင်နှုန်းကာကွယ်နိုင်တဲ့ မျက်မှန်တပ်ဆင်သင့်ပါတယ်။ နေရောင်ကာခရင်မ်လိမ်းသင့်ပါတယ်။ သနပ်ခါးလိမ်းသင့်ပါတယ်။ အသက်ကြီးသူများ၊ ကလေးငယ်များ၊ ကိုယ်ခံအားနည်းသူများအနေနဲ့ နေ့လယ်ပိုင်းအချိန်တွေမှာ အိမ်ထဲ ဒါမှမဟုတ် အမိုးအကာအောက်၊ သစ်ပင်အောက်၊ အဲကွန်းသုံးအခန်းတွေမှာ အေးအေးလူလူနေသင့်ပါတယ်။ နေ့စဉ်ရေနွေးကြမ်း ဒါမှမဟုတ် ရေသန့် (၂-၃) လီတာ သောက်သင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

**ဒေါက်တာလွင်သန့်**

---

## ပုဇွန်တောင်မြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲကျင်းပ



ရန်ကုန် ဧပြီ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့်စာအုပ်စာစောင်ပြပွဲကို ဧပြီလ ၂၉ ရက်က ကျင်းပကြောင်းသိရသည်။

အဆိုပါကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်စုယဉ်က ကလေးအလုပ်သမား၏ အသက်အရွယ်အပိုင်းအခြားများ၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်များနှင့် ကလေးအလုပ်သမားဥပဒေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီက ထုတ်ဝေသည့် ကလေးအလုပ်သမားပပျောက်ရေး လူထုအားလုံးကာကွယ်စောင့်ရှောက်ပေး ရွှေရန်ကုန်လက်ကမ်းစာစောင်များကို တက်ရောက်လာသူများ လက်ဝယ်အရောက်ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာသူများက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဟန်စုယဉ်**

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် လျှော်ဒဏ်သင့်ပြည်သူများအား အလှူငွေပေးအပ်ခြင်းဆောင်ရွက်

**ညောင်ရွှေ မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသ၌ ဧပြီလ ၂၉ ရက်တွင် အသက်နှစ်နှစ်အထက်ကလေးများနှင့် ပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်း ဆောင်ရွက်သည်။

ထိုသို့ ကျန်းမာရေးဝန်ထမ်းများက အသက်နှစ်နှစ်အထက် ကလေးများနှင့် ပြည်သူများ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးနေမှုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံတို့က လှည့်လည်ကြည့်ရှုအားပေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်းလေးဒေသ လျှော်ဒဏ်သင့်ကျေးရွာများအား အလှူငွေများ ပေးအပ်ပွဲအခမ်းအနားသို့ရောက်ရှိပြီး နေအိမ် ၆၁ အိမ်ပျက်စီးခဲ့သည့် ညောင်ဝန်းကျေးရွာအတွက် အလှူငွေကျပ်၄၂၇၀၀၀၀၀ ကိုလည်းကောင်း၊ နေအိမ် ၈၁ အိမ်ပျက်စီးခဲ့သည့် သလဲဦးကျေးရွာအတွက် အလှူငွေကျပ် ၅၆၇၀၀၀၀၀ အားလည်းကောင်း၊ ဘုရားဆွဲလှေအတွက် ထောက်ပံ့ငွေကျပ် ၂၄၂၀၀၀၀၀ ကိုလည်းကောင်း ပေးအပ်ကြောင်း သိရသည်။

ပြည်နယ်ပြန်/ဆက်

## တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားပေးနေမှုကို ကွင်းဆင်းကြည့်ရှု



**နေပြည်တော် မေ ၂၀**

၂၀၂၅ ခုနှစ် ဇွန်လ ၁၆ ရက်တွင် ပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားပို့ချနေမှုကို ဧပြီလ ၂၉ ရက်မှစတင်၍ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်လှနှင့် တာဝန်ရှိသူများပူးပေါင်း၍ ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂၀)အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်တွေ့ဆုံကာ ရာနှုန်းပြည့်စခန်းသွင်းလေ့ကျင့်သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကျောင်းသား၊ ကျောင်းသူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ကျောင်းသူများ သင်ကြားမည့် စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် သင်ခန်းစာပို့ချနေမှုကို လှည့်လည်ကြည့်ရှုသည်။

ပုဗ္ဗသီရိမြို့နယ်အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် စခန်းသွင်း လေ့ကျင့်သင်ကြားပေးမည့် အခြေခံပညာကျောင်း ၁၂ ကျောင်းနှင့် ကိုယ်ပိုင်ကျောင်းငါးကျောင်း စုစုပေါင်း ၁၇ ကျောင်းရှိပြီး သင်ခန်းစာပို့ချမှုအနေဖြင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအပြင် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ်များမှ ဆရာ၊ ဆရာမများကလည်း လာရောက်လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ (၄၁၃)

## မုံရွာမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ ၈၁၉၉ ဧက ရိတ်သိမ်းပြီးစီး

**မုံရွာ မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းသီးနှံ ၈၁၉၉ ဧက အထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော ပြောင်းစိုက်ခင်းများကို ရိတ်သိမ်းလျက်ရှိရာ ဧပြီလ ၃၀ ရက်အထိ အစေ့ထုတ်ပြောင်း ၉၇၉ ဧက တစ်ဧကလျှင် ၄၃ ဒသမ ၅၁ တင်းနှင့်ဖူးစားပြောင်း ၇၂၂၀ ဧက တစ်ဧကလျှင် ပြောင်းဖူး ၁၃၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"မုံရွာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းသီးနှံ ၈၁၉၉ ဧက အထိစိုက်ပျိုးထားပါတယ်။အဲဒီစိုက်ပျိုးထားတဲ့ပြောင်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေဆောင်ရွက်ပေးခဲ့တယ်" ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးစိုးသက်အောင်ကပြောသည်။

မုံရွာမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးကြသည်။

စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေးကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

(အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ ဂုဏ်ပြုကဗျာ)

## အလုပ်သမားတို့ မြှောက်စားစို့

❖ စား၀တ်နေမှု၊ အစုစုနှင့်
လူ့ဘုံလောက၊ လိုသမျှကို
သူကဖြည့်တင်း၊ လုပ်အားနှင်း၍
မယွင်းတာဝန်၊ မြဲကျေပွန်သော
တော်မွန်သူများ၊ ပြည့်လုပ်သား။

❖ နေ့ညမနား၊ စဉ်ကြိုးစား၍
ထွန်းကားပြည်ရွာ၊ အရာရာ၌
ကာယဉာဏ၊ ဘက်စုံမျှကာ
ချိုးကျတိုးတက်၊ ထုတ်ကုန်သွက်သည်
ထက်မြက်စွမ်းအား၊ ပြည့်လုပ်သား။

❖ ပြည့်လုပ်သားမျိုး၊ စဉ်အားကိုး၍
ဖွံ့ဖြိုးပြီးသား၊ နိုင်ငံများနှင့်
မခြားယှဉ်တွဲ၊ ဖွံ့ဖြိုးဆဲသော
လက်တွဲအမှန်၊ တိုင်းနိုင်ငံတို့
ကေန်လိုသား၊ ကုန်ထုတ်အားတွက်
ကြိုးစားဖို့လျှင်၊ လုပ်အားရှင်များ
ခေါင်ငှားရမ်း၊ မြကြိုးပမ်း
လုပ်ငန်းတက်လမ်း၊ ရှေ့မြှော်မှန်း။

❖ ဖွံ့ဖြိုးမှုတို့၊ ပျက်ယွင်းချို့သည့်
တိုင်းမြို့နိုင်ငံ၊ အခြေခံ၌
အမှန်လုပ်အား၊ ခွင့်လမ်းများလျှင်
ရှားပါးနေရ၊ မစေ့င၍
ထွက်ကြပြည်ခြား၊ ရှာစီးပွား
အခက်ခဲများ၊ ဖြတ်ကျော်လွှား။

❖ သြော်...
ထို့ကြောင့်အဟုတ်၊ ကျိုးမယုတ်ဘဲ
ကုန်ထုတ်စွမ်းအား၊ ပြည့်လုပ်သားတို့
စီးပွားအကျိုး၊ ဆတူတိုး၍
မျှော်ကိုးပန်းတိုင်၊ ဆိုက်ရောက်နိုင်အောင်
တိုင်ပင်နှီးနှော၊ ခွင့်လမ်းချောမှ
ဝပြောစည်ပင်၊ ပြည်တစ်ခွင်ဝယ်
ပျော်ရွှင်ချမ်းမြ၊ နေပျော်ကြမည်
ဝိုင်းမျှကူရေး၊ လူတိုင်းတွေး
အလုပ်သမားတို့၊ မြှောက်စားပေး။ ။

**ညွှန့်ဝင်း(နတ်တလင်း)**

# ကျေးလက်နေတောင်သူများ လူနေမှုဘဝမြင့်မားလာစေရေး ပဲစင်းငုံစိုက်ပျိုးပေး

ဥမ္မာစိုး

စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသများ၌မှီတင်းနေထိုင်ကြသည့် ကျေးလက်လူထု၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝဖူလုံရေးအတွက် များစွာအရေးပါသည်။ စိုက်ပျိုးရေးကဏ္ဍ အရေးပါသည့်အလျောက်စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများအနက် ပြည်ပဝင်ငွေများစွာ ရရှိသည့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေးမှာလည်း အဓိကအခန်းကဏ္ဍတစ်ရပ်တွင် ပါဝင်နေသည်။ စိုက်ပျိုးထုတ်လုပ်သည့် ပဲမျိုးစုံအနက် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို ပြည်ပသို့ အများဆုံးတင်ပို့မှုရှိသည်။ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဦးဆောင်နိုင်ငံဖြစ်ပြီး ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ပြီးနောက် ကမ္ဘာ့တတိယတင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည်။ ပဲမျိုးစုံသီးနှံများအနက် ပဲစင်းငုံသီးနှံသည် အယ်နီညို ကျရောက်ခြင်းကဲ့သို့သော မိုးခေါင်ရေရှားမှုဒဏ်ခံနိုင်ရည်ရှိခြင်း၊ အမြစ်ဆင်းအားကောင်းမွန်ခြင်းကြောင့် ရေစုပ်ယူမှု အားကောင်းခြင်း၊ ငယ်စဉ်တွင် အပင်ဖြစ်ထွန်းမှုနှေးခြင်းကြာင့် သီးညှပ်စိုက်ပျိုးရန် အလွန်ကောင်းမွန်ခြင်း စသည့် အားသာချက်များစွာရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ အပူပိုင်းခြောက်သွေ့ဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။

ပဲစင်းငုံ၏မူရင်းဒေသမှာ အပူပိုင်းအာဖရိက၊ ဇန်ဇီဘာမှ ဂီးနီးဒေသများထိဖြစ်မည်ဟုယူဆကြပြီး ဘီစီ ၂၂၀၀ မှ ၂၄၀၀ ကြား အီဂျစ်ရှိ သင်္ချိုင်းဂူများတွင် ပဲစင်းငုံဆိုင်ရာယဉ်ကျေးမှုအကြွင်းအကျန်များ တွေ့ရှိခဲ့ကြကြောင်း လေ့လာသိရှိရသည်။ ပဲစင်းငုံသည် နှစ်ရှည်ချုံပင်မျိုးဖြစ်သော်လည်း တစ်ရာသီ သီးနှံအမျိုးအစားဖြစ်သည်။ အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် ကာရေဘီယံတို့တွင် အဓိက သီးနှံတစ်ခုအဖြစ် အများဆုံးစိုက်ပျိုးထုတ်လုပ်ကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း နှစ်စဉ်စိုက်ပျိုးလေ့ရှိကြသည်။ ပဲစင်းငုံကို ကုလားပဲနီ၊ ကွန်ဂိုပဲစေ့၊ မျက်ကန်းပဲ၊ ခါးဒီရို၊ အပူပိုင်းပဲစိမ်းဟု လူသိများကြပြီး အပူပိုင်းနှင့် သမပိုင်းတို့တွင် ပေါက်ရောက်သော ပဲမျိုးရင်းဝင်တစ်ခုဖြစ်သည်။ လူသားတို့အတွက် အစားအစာအဖြစ်သာမက တိရစ္ဆာန်အစားအစာနှင့် သဘာဝသစ်စိမ်းမြေသြဇာများအဖြစ်လည်း အသုံးပြုကြသည်။ ကမ္ဘာပေါ်တွင် ပဲစင်းငုံကို နိုင်ငံပေါင်း ၈၂ နိုင်ငံခန့် စိုက်ပျိုးထုတ်လုပ်ကြပြီး အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုဧရိယာ၏ ၇၂ ရာခိုင်နှုန်းခန့်ဖြင့် အများဆုံးစိုက်ပျိုးလျက်ရှိသည်။

ပဲစင်းငုံတွင် သိုင်ရမင်း၊ ရိုင်ဘိုဖလေဘင်၊ နီယစင်း၊ ဗီတာမင် ဘီ-၆၊ ဖောလိတ်၊ ဗီတာမင်အေ၊ကယ်စီယမ်၊ သံ၊ မဂ္ဂနီစီယမ်၊ ဖော့စဖောရပ်နှင့် ပိုတက်စီယမ်တို့များစွာ ပါဝင်ခြင်းကြောင့် ပဲစင်းငုံ စားသုံးခြင်းဖြင့် သွေးပေါင်ချိန်ကိုထိန်းပေးခြင်း၊ သွေးအားနည်းခြင်းရောဂါကို ကာကွယ်ပေးခြင်း၊ ရောင်ရမ်းခြင်းကိုကုသခြင်း၊ ကိုယ်အလေးချိန်လျော့စေရန်ကူညီပေးခြင်း၊ ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးခြင်း၊ နှလုံးကျန်းမာရေးနှင့် အစာချေဖျက်အားစနစ်တို့ကိုလည်းကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိသည်။ အထူးသဖြင့် ပဲစင်းငုံတွင် အဓိကအများဆုံးပါရှိသည့် ပိုတက်စီယမ်သတ္တုဓာတ်သည် ခန္ဓာကိုယ်ထဲတွင်ဓာတ်ပြုပြီးနောက် သွေးဖိအားကို လျှော့ချပေးနိုင်စွမ်းရှိခြင်းကြောင့် သွေးတိုးရောဂါရှိနေသောသူများအနေဖြင့် နေ့စဉ်စားသုံးပေးသင့်သည်။



ပဲစင်းငုံစိုက်ပျိုးခြင်းအတွက် အသင့်လျော်ဆုံးအပူချိန်မှာ ၂၀ ဒီဂရီစင်တီဂရိတ်မှ ၃၀ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ၂၀ ဒီဂရီစင်တီဂရိတ်အောက် လျော့နည်းပါက အပင်ကြီးထွားမှုကို နှေးကွေးစေသည်။ အပင်သက်တမ်းတစ်လျှောက် နှင်းခါးရိုက်မှုနှင့် ရေဝပ်ခြင်းဒဏ်ခံနိုင်ရည်မရှိပါ။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ၆၀၀၀ အထိစိုက်ပျိုးနိုင်ပြီး မိုးရေချိန် ၁၀၀ လက်မအထက် ရွာသွန်းသည့်ဒေသများတွင် ရေဝပ်မှုမရှိပါက ကောင်းစွာစိုက်ပျိုးနိုင်သည်။ ပဲစင်းငုံသည် နေ့တာတိုပင်ဖြစ်၍ စိုက်ပျိုးချိန်တွင် အပင်ကြီးထွားမှုနှင့် အပင်အမြင့်အတွက် အဓိကအရေးကြီးသည်။ ပန်းပွင့်ချိန်တွင် မိုးမိခြင်း၊ အပူချိန်မြင့်မားခြင်း စသည့်အခြေအနေများမှ လွတ်ကင်းအောင်စိုက်ပျိုးရန်လိုအပ်သည်။ ပန်းပွင့်ရန် နေ့တာတို လိုအပ်သည်။ အပူချိန် ၂၀-၃၀ ဒီဂရီစင်တီဂရိတ်ရှိပါက နေ့တာရှည်သော်လည်း ပန်းပွင့်ရက်စောနိုင်သည်။ ပူလွန်း၍ ပန်းပွင့်စောလျှင် အဆန်မတည်ခြင်းဖြစ်တတ်၍ ဒေသမျိုးများကို မိုးဦး ကာလတွင်စိုက်ပျိုးသင့်သည်။ ပဲစင်းငုံသီးနှံသည် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည်ဆိုသော်လည်း ပန်းပွင့်ချိန်တွင် မိုးမိခြင်းနှင့် အပူချိန်မြင့်ခြင်းတို့မှ ကင်းဝေးရန်လိုအပ်သည်။ ဒေသမျိုးများကို မိုးဦးကာလဖြစ်သည့် မေလလယ်မှ ဩဂုတ်လထိ စတင်စိုက်ပျိုးပြီး ဇန်နဝါရီလနှင့် မတ်လတို့တွင် ရိတ်သိမ်းသည်။ မြေအမျိုးအစားရွေးချယ်မှုမရှိခြင်းကြောင့် သဲသမမြေမှ ရွှံ့စေးသမမြေအထိ စိုက်ပျိုးနိုင်သည်။ မြေနီကျောက်စရစ်၊ မြေနီသဲဝန်း၊ စနယ်မြေတို့တွင်ဖြစ်ထွန်း၍ နုန်းမြေစေးကဲ့သို့ မြေဩဇာထက်သန်ပြီး မြေသားနက်သည့်သမမြေတွင် ပိုမိုဖြစ်ထွန်းသည်။ မြေချဉ်ငန်ဓာတ် ၇ ဝန်းကျင်ရှိပြီး ရေစီးရေလာကောင်းသည့် မြေမျိုးတွင် ရွေးချယ်စိုက်ပျိုးသင့်သည်။

အခြေခံအားဖြင့် ပဲစင်းငုံပင်ပြန့်နှင့် ပဲစင်းငုံပင်ထောင်ဟူ၍ နှစ်မျိုးရှိပြီး မြန်မာနိုင်ငံတွင်အများဆုံးစိုက်ပျိုးသည့် ပဲစင်းငုံမျိုးများမှာ သက်ကြီးမျိုးများဖြစ်ပြီး သက်တမ်း ၂၇၅ ရက်ခန့်ရှိသည်။ အသက်ရက်အလိုက် သက်ကြီးမျိုး၊ သက်လတ်မျိုးနှင့် သက်လျင်မျိုးဟူ၍ ခေါ်ဆိုကြသည်။ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အပူပိုင်းခြောက်သွေ့သည့်ဒေသများတွင် ရွှေဒင်္ဂါးနှင့် ငါးဆံပဲစသည့် သက်ကြီးပဲစင်းငုံမျိုးများကို စိုက်ပျိုးကြသည်။ သက်ကြီးမျိုးကို တန်းကြား ၄ ဒသမ ၅ ပေ၊ ပင်ကြားတစ်ပေ၊ သက်လတ်မျိုးကို တန်းကြားသုံးပေ၊ ပင်ကြားတစ်ပေ၊ သက်လျင်မျိုးကို တန်းကြားနှစ်ပေ၊ ပင်ကြားခြောက်လက်မဖြင့် စိုက်ပျိုးကြသည်။ ပဲစင်းငုံကို သီးညှပ်စိုက်ပျိုးရာတွင် ပင်ကြားတန်းကြားကို ၁ ဒသမ ၅-၃ ပေ၊ ၇-၁၀ ဒသမ ၅ ပေ အထိထား၍ စိုက်ပျိုးကြသည်။ ပဲစင်းငုံသီးနှံကို သီးသန့်သို့မဟုတ် သီးညှပ်စိုက်ပျိုးလေ့ရှိသော်လည်း စိုက်ပျိုးဧရိယာ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးကြသည်။ သီးသန့်စိုက်ပျိုးရာတွင် သက်တမ်းအလိုက် သတ်မှတ်ထားသော အပင်အရေအတွက် ဝင်အောင်စိုက်ပျိုးရမည်။ သီးညှပ်စိုက်ပျိုးရာတွင် ပဲစင်းငုံတစ်တန်းနှင့် တစ်တန်းကြားတွင် ပဲတီစိမ်း၊ နှမ်း၊ မြေပဲ၊ ဝါ၊ နေကြာနှင့် နှံစားပြောင်းများကို သုံးတန်းမှငါးတန်းထိ ညှပ်၍စိုက်ပျိုးကြသည်။ ထိုသို့ကြားညှပ်စိုက်ပျိုးခြင်းအားဖြင့် ပဲစင်းငုံသီးနှံမပေါ်မီ အခြားသီးနှံများရိတ်သိမ်းရသဖြင့် အပိုဝင်ငွေများစွာရရှိနိုင်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၅ ခု၌ ပဲစင်းငုံဟက်တာထောင်ပေါင်း ၄၂၄ ကျော် စိုက်ပျိုးထုတ်လုပ်မှုရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဟက်တာထောင်ပေါင်း ၁၈၇ ဖြင့် ပထမအများဆုံး၊ မန္တလေးတိုင်းဒေသကြီးတွင် ဟက်တာထောင်ပေါင်း ၁၄၂ ဖြင့် ဒုတိယအများဆုံး၊ မကွေးတိုင်းဒေသကြီးတွင် ဟက်တာထောင်ပေါင်း ၆၃ ဖြင့် တတိယအများဆုံး၊ ရှမ်းပြည်နယ်တွင် ဟက်တာထောင်ပေါင်း ၂၀ ဖြင့် စတုတ္ထအများဆုံး စိုက်ပျိုးထုတ်လုပ်မှုရှိပြီး ပဲစင်းငုံထုတ်လုပ်နိုင်မှုမှာ စစ်ကိုင်းတိုင်းဒေသကြီးသည် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၂၅၀ ကျော်၊ မန္တလေးတိုင်းဒေသကြီးတွင် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၁၀၀ ကျော်နှင့် မကွေးတိုင်းဒေသကြီးတွင် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၅၅ ကျော်ထုတ်လုပ်နိုင်ခဲ့ခြင်းကြောင့် ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံးဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ပဲစင်းငုံသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် စိုက်ပျိုးရေးဂေဟစနစ်အားကောင်းစေခြင်း၊ ဒေသမရွေးစိုက်ပျိုးနိုင်သည့် အားသာချက်များရှိခြင်း၊ မြေအမျိုးအစားမရွေးစိုက်ပျိုးနိုင်ခြင်း၊ ကမ္ဘာ့နိုင်ငံများထဲမှ ပဲစင်းငုံစားသုံးမှု အများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံမှ မြန်မာပဲစင်းငုံအများအပြား ဝယ်ယူတင်သွင်းမှုရှိခြင်း၊ မြန်မာပဲစင်းငုံသည် ဓာတုဓာတ်ကြွင်းကင်းစင်ခြင်း၊ စားသုံးရာတွင် အရသာကောင်းမွန်ခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နှင့်နီပေါတို့မှလည်း ဝယ်လိုအားရှိပြီး ပဲစင်းငုံသီးနှံ တိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ရှိ ပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေပြီး တိုင်းပြည်ဝင်ငွေမြင့်မားစေမည်။

မြန်မာနိုင်ငံမှ ပဲစင်းငုံများကို နှစ်စဉ်နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှတင်ပို့လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၂၁၀၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၈ ဒသမ ၀၅ သန်းဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၁၅၈၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၃ ဒသမ ၂၈ သန်းဖြင့်လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၁၁၄၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၃၆ သန်းဖြင့်လည်းကောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၂၄၄၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၆၉ သန်းဖြင့်လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၂၃၉၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၈၇ ဒသမ ၃၉ သန်းဖြင့်လည်းကောင်း တင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ပဲစင်းငုံများကို ပြည်ပနိုင်ငံအသီးသီးသို့တင်ပို့လျက်ရှိရာ ပဲစင်းငုံတစ်တန်လျှင် ရရှိသည့် ဈေးနှုန်းများမှာ နိုင်ငံအလိုက်ကွာခြားမှုရှိသည်ကို တွေ့ရှိရသည်။ ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပဲစင်းငုံဈေးနှုန်းအခြေအနေများကို နိုင်ငံအလိုက်လေ့လာကြည့်ပါက အိန္ဒိယနိုင်ငံတွင်မက်ထရစ်တန်တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၁၄၂၅၁၇ ဖြင့် ပထမအများဆုံး၊ ယူအေအီးနိုင်ငံတွင် ၁၈၉၇ ဒေါ်လာဖြင့် ဒုတိယအများဆုံးရရှိခဲ့ပြီး နီပေါနိုင်ငံတွင် ၁၁၁၆ ဒေါ်လာဖြင့် တတိယအများဆုံးရရှိသည်ကိုတွေ့ရှိရသည်။ နယူးဇီလန်နိုင်ငံနှင့် အီရန်နိုင်ငံတို့တွင် ၂ ဒေါ်လာနှင့် ၁ ဒေါ်လာတို့ဖြင့် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိရသည်။ ပဲစင်းငုံတစ်တန်အပေါ်ရရှိသည့် ဈေးနှုန်းကွာခြားချက်မြင့်မားခြင်းကြောင့် ဈေးနှုန်းရရှိမှုမြင့်မားသည့် နိုင်ငံများနှင့် ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်သည့် နိုင်ငံများအား ပို့ကုန်တိုးမြှင့်ခြင်းအားဖြင့် ပြည်ပဝင်ငွေရရှိမှု ပိုမိုမြင့်မားလာမည်ဖြစ်သည်။ ပြည်ပဈေးကွက်ရရှိပြီးဖြစ်သည့် ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှု တန်ဖိုးကွင်းဆက် ပိုမိုအားကောင်းစေရေး အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများအကြား ဟန်ချက်ညီစွာချိတ်ဆက်ဆောင်ရွက်သင့်သည်။

ပြည်ပဝင်ငွေရရှိသောပဲစင်းငုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှုကို တောင်သူများအား တွန်းအားပေးဆောင်ရွက်သင့်သည်။ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်ခြင်းသည် ဂေဟစနစ်ကောင်းစေခြင်း၊ အသားဓာတ်ပါဝင်မှုရှိခြင်း၊ ဘေးထွက်ပစ္စည်းများဖြစ်သည့် အပင်အကြွင်းအကျန်များကို တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်ခြင်း၊ အစားအစာပစ္စည်းများချက်ပြုတ်ရန် လောင်စာအဖြစ်အသုံးပြုနိုင်ခြင်း၊ ပဲစင်းငုံပင်၏ ပင်စည်များကို ခြံစည်းရိုးအဖြစ် အသုံးပြုနိုင်ခြင်းအပြင် သဘာဝမြေဩဇာအဖြစ် သုံးစွဲနိုင်ခြင်းတို့ကြောင့် ပဲစင်းငုံထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် ဆက်စပ်ချိတ်ဆက်သည့် စီးပွားရေးလုပ်ငန်းများ ပိုမိုအားကောင်းစေမည်ဖြစ်သည်။ ။

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၀**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ထွန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံးတာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများသို့ တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် တရုတ်နိုင်ငံမှ ထောက်ပံ့ပေးနေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အွန်လိုင်းလောင်းကစားမှုများနှင့်ဆက်သွယ်ရေးလိမ်လည်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုခင်းများတားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မေ ၁၀**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ဇိုမီးအမျိုးသားပါတီ (Zomi National Party)** သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၄ ပါတီရှိပြီး၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ ပါတီ၊ စုစုပေါင်း ၇၄ ပါတီရှိပြီဖြစ်သည်။

ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၀**


မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတို့တွင် မေလ ၁၀ ရက်အထိ သေဆုံးသူ ၃၇၆၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၉ ရက် ည ၇ နာရီမှ မေလ ၁၀ ရက် ညနေ ၅ နာရီအတွင်း International Organization For Migration (IOM) အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများအဖွဲ့က တစ်ဆင့် ထောက်ပံ့ပေးသွားမည့် စုစုပေါင်းတန်ချိန် ၆၆ဒသမ ၄၄၂ တန်ရှိ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ခြင်ထောင်၊ စောင်၊ ဆိုလာမီးအိမ်၊ တာပေါလင်၊ အိပ်ရာခင်း၊ Jerrycan၊ ကြိုးခွေများနှင့် မလေးရှားနိုင်ငံ၊ ဆီလန်ဂေါပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE က လှူဒါန်းသော စုစုပေါင်းတန်ချိန် သုည ဒသမ ၄၈၅ တန်ရှိ ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ စောင်၊ ခြင်ထောင်၊ အဝတ်အထည်များပါဝင်သော ကတ်ထူပုံးများအား သယ်ဆောင်လာသော လေယာဉ်များဆိုက်ရောက်ခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

### ၃-၅-၂၀၂၅ ရက်နေ့မှ ၄-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




**➢ ကျောဖုံးမှအဆက်**

ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ် မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသ ဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေမဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# သထုံမြို့နယ်၌ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များအား ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်းဖွင့်လှစ်

သထုံ ဧပြီ ၃၀

မွန်ပြည်နယ် သထုံမြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ ဒစ်ဂျစ်တယ်အသိပညာခံယူချက်နှင့် အလေ့အကျင့်ဆိုင်ရာ သင်တန်း (Digital knowledge Attitude and Practices Training) ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၉ ရက်က အဆိုပါဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်အိကလျာနိုင်က ဌာနအနေဖြင့် MSMEs လုပ်ငန်းများကို Digital နည်းပညာဖြင့် ဈေးကွက်ပိုမိုရရှိပြီး အောင်မြင်သောလုပ်ငန်းရှင်များဖြစ်စေလိုကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် Digital နည်းပညာသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ဌာနမှ အသေးစားစက်မှုလက်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပြီး Digital နည်းပညာကိုအသုံးပြုကာ Online မှတစ်ဆင့် လုပ်ငန်းမှတ်ပုံတင်များ ဆောင်ရွက်ပေးနိုင်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးခွန်ထွန်းထွန်းလှက သင်တန်းဖွင့်လှစ်ပေးရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး သင်တန်းတက်ရောက်လာသည့် လုပ်ငန်းရှင်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ သထုံမြို့နယ်အတွင်းရှိအသေးစား၊ အငယ်စားလုပ်ငန်းရှင် ၁၅ ဦးတက်ရောက်ကြပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ Online စနစ်ဖြင့်ရောင်းချခြင်း Online Sale လုပ်ငန်းများ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းအကြောင်း သိကောင်းစရာများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ Digital Literacy and Digital Transformation in MSMEs များအကြောင်း၊ SSID မှရေးဆွဲထားသည့် e-Commerce Website ဝင်ရောက်ပုံနှင့် အသုံးပြုပုံအကြောင်းသိကောင်းစရာများကို ဆွေးနွေးသင်ကြားပေးခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့**

# မြစ်ကြီးနားမြို့ လေယာဉ်ကွင်းသို့ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်

နေပြည်တော် ဧပြီ ၃၀

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လေယာဉ်ကွင်းအတွင်းရှိ အရေးကြီးအဆောက်အဦများအား ထိခိုက်ပျက်စီးစေရန်နှင့် ပြည်သူများအထိတ်တလန့်ဖြစ်စေရန်အကြံအစည်များဖြင့် KIA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသည့်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ယနေ့မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်ခန့်တွင် ရှော့တိုက်ဒုံးဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။


ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် မြစ်ကြီးနားမြို့ လေယာဉ်ကွင်း၏ အရှေ့မြောက်ဘက် မီတာ ၄၅၀ အကွာ နေရာသို့ ရှော့တိုက်ဒုံးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး လူနှင့်အဆောက်အဦ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

အဆိုပါ ရှော့တိုက်ဒုံးပစ်ခတ်ခဲ့သည့် နေရာနှင့်အနီးဝန်းကျင်တစ်ဝိုက်အားပိတ်ဆို့စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေး လိုအပ်သည့်မေးမြန်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

မြစ်ကြီးနားမြို့ လေယာဉ်ကွင်းသို့ အကြမ်းဖက်သမားများက ရှော့တိုက်ဒုံးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်သည့် နေရာပြမြေပုံ။




## မိုးလေဝသ သတင်း




# ကော့ကရိတ်မြို့နယ် ကြာရိုးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေး

ကော့ကရိတ် ဧပြီ ၃၀

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကြာရိုးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ဧပြီလ ၃၀ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောဆာဒေါက်ဖော့က ဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ထိရောက်အောင်မြင်အောင်ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြာရိုးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၇ ဦးအတွက် ငွေကျပ် သိန်း ၃၇၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

# ဓနုဖြူမြို့နယ်၌ ဒေသထွက်ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ဓနုဖြူ ဧပြီ ၃၀

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ဒေသထွက်ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဓနုဖြူမြို့နယ်၌ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ရီမာ၏ပြောပြချက်အရ သိရသည်။

ဓနုဖြူမြို့နယ်၌ ဒေသထွက်ကြက်ဟင်းခါးသီးများကို ဧပြီလနောက်ဆုံးပတ်မှ လက်ရှိအချိန်ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသထွက်ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံး ၃၅၀၀၀ မှ ၄၅၀၀၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ လက်ရှိ ဒီဒေသမှာ မိုးသီးနှံအဖြစ်စိုက်ထားတဲ့ ကြက်ဟင်းခါးသီးတွေ ထွက်ပေါ်နေပါတယ်။ ဒေသဈေးကွက်နဲ့ တခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဒေသထွက်ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အထွက်နှုန်းကောင်းတဲ့အပြင် အရောင်းအဝယ်လည်းကောင်းမွန်နေပါတယ်"ဟု ဒေါ်ရီမာကပြောသည်။

ဓနုဖြူမြို့နယ်၌ စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးများနှင့် တခြားကုန်စိမ်းများကို ပုသိမ်၊ ကျောင်းကုန်း၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။ **ကျော်ကျော်လင်း**

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဂုဏ်ပြုဆောင်းပါး

# အလုပ်သမားကြီးများအရေး အလေးထားဆောင်ရွက်ပေးကြပါစို့

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် မေလ ၁ ရက်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ဖြစ်သည်။ ကာယ၊ ဉာဏ အလုပ်သမားကြီးများ၏ စွမ်းဆောင်မှုကို အသိအမှတ်ပြုရန် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။ နေ့စဉ် ၈ နာရီအလုပ်လုပ်ရန်၊ ၈ နာရီအပန်းဖြေရန်နှင့် ၈ နာရီအနားယူခွင့်ရရှိရန်တောင်းဆိုသည့် အလုပ်သမားသမဂ္ဂများ၏လှုပ်ရှားမှုမှစတင်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့တွင် ရုံးပိတ်ပေးထားသဖြင့် ကမ္ဘာတစ်ဝန်းရှိ ကာယ၊ ဉာဏ အလုပ်သမားကြီးများသည် မိသားစုနှင့်အတူ အေးချမ်းပျော်ရွှင်စွာဖြတ်သန်းခွင့်ရရှိကြမည်ဖြစ်သည်။

**တောင်းဆိုခဲ့ရ**

လွန်ခဲ့သော ၁၈ ရာစုက ဝိသမလောဘသမား အလုပ်ရှင်များသည် အလုပ်သမားများကို တစ်နေ့လျှင် ၁၆ နာရီမှ နာရီ ၂၀ ခန့် ခိုင်းစေခဲ့ကြသည်။ အလုပ်သမားများသည် နေ့စဉ် နာရီပေါင်းများစွာ လုပ်ကိုင်ကြရသော်လည်း ထိုက်တန်သောလုပ်ခလစာမရရှိခဲ့ချေ။ ထို့ကြောင့် အလုပ်သမားများ၏ လူနေမှုအဆင့်အတန်းသည် နိမ့်ကျခဲ့ရသည်။ ထို့ကြောင့် အလုပ်သမားခေါင်းဆောင်များသည် အလုပ်သမားများသက်သာချောင်ချိရေးအတွက် တောင်းဆိုခဲ့ကြသည်။

၁၈၂၀ ပြည့်နှစ်မှ ၁၈၄၀ ပြည့်နှစ်ကာလအတွင်း အလုပ်သမားခေါင်းဆောင်များသည် အလုပ်ချိန်လျှော့ချရေးအတွက် စဉ်ဆက်မပြတ်တောင်းဆိုခဲ့ကြသည်။ သို့သော် အလုပ်ရှင်များသည် အလွယ်တကူလိုက်လျောပေးခဲ့ခြင်းမရှိချေ။ အလုပ်ချိန်လျှော့ပေါ့ရေးအတွက် တောင်းဆိုသူများကို ဖမ်းဆီးမှုများရှိခဲ့သည်။ အလုပ်သမားတို့၏တိုက်ပွဲသည် အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်နှင့်ဩစတြေးလျတိုက်သို့ပင် ပျံ့နှံ့လာခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် ချီကာဂိုမြို့၌ပြုလုပ်သည့် အမေရိကန်အလုပ်သမားများအဖွဲ့က တစ်နေ့လျှင် အလုပ်ချိန် ၈ နာရီသာ သတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။

ထိုသို့တောင်းဆိုမှုများကြောင့် ၁၈၈၉ ခုနှစ် မေလ ၁ ရက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ဟု သတ်မှတ်ခဲ့ပြီး ၁၈၉၀ ပြည့်နှစ် မေလ ၁ ရက်မှ စတင်၍ နှစ်စဉ်မေလ ၁ ရက်တွင် ကမ္ဘာတစ်ဝန်း၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားနေ့အခမ်းအနားကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့တွင် တရားဝင်ရုံးပိတ်ပေးထားသည်။ ထိုနေ့တွင် ကာယ၊ ဉာဏ လုပ်သားကြီးများသည် လုပ်ငန်းခွင်ဝင်ရန်မလိုဘဲ အနားရသော်လည်း လုပ်ခလစာအပြည့်အဝရရှိကြသည်။ လက်ရှိအချိန်တွင် အလုပ်သမားများသည် ရသင့်ရထိုက်သောအခွင့်အရေးများ အပြည့်အဝရရှိနေကြပြီဖြစ်သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

**ဖွဲ့စည်းထားရှိ**

အလုပ်သမားများကို တန်ဖိုးထားသောအားဖြင့် ၁၉၁၉ ခုနှစ် ဧပြီလ ၁၀ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (International Labour Organization–ILO) ကိုဖွဲ့စည်းခဲ့သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အလုပ်သမားတို့၏ဘဝနှင့် လုပ်ငန်းခွင်တိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် မေလ ၁၈ ရက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့သို့ဝင်ရောက်ခဲ့သည်။

ILO ၏ရည်ရွယ်ချက်သည် အလုပ်သမားတို့၏ အလုပ်ချိန်သတ်မှတ်မှု၊ အလုပ်သမားရရှိရေးနှင့် အလုပ်လက်မဲ့မပေါ်ပေါက်ရေး၊ အလျဉ်မီလစာနှုန်းထားသတ်မှတ်ရေး၊ လုပ်ငန်းခွင်ကြောင့် ရောဂါအနာတရမဖြစ်ပွားရေး၊ ကလေးသူငယ်များကို အလုပ်သမားအဖြစ်စေခိုင်းခြင်းမှအကာအကွယ်ပေးရေး၊ လူငယ်အလုပ်သမား၊ အမျိုးသမီးအလုပ်သမားများအား အကာအကွယ်ပေးရေး၊ သက်ကြီးထောက်ပံ့ကြေးနှင့် အနာတရဖြစ်သူထောက်ပံ့ကြေးပေးရေး၊ တိုင်းတစ်ပါး၌အလုပ်လုပ်ရသူများအတွက် အကာအကွယ်ပေးရေး၊ အလုပ်တူလုပ်ရလျှင်လုပ်ခတူရရေး၊ အလုပ်သမားအသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်ရရေး၊ အလုပ်ခွင်သင်တန်းများနှင့် နည်းပညာသင်တန်းများပေးရေးတို့ပင်ဖြစ်သည်။



ဓာတ်ပုံ - အင်တာနက်

**ကာယ၊ ဉာဏလုပ်သားကြီးများ**

စင်စစ်အားဖြင့် ကာယ၊ ဉာဏလုပ်သားကြီးများသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်လျက်ရှိကြသည်။ ထိုအလုပ်သမားကြီးများကို အတန်းအစားနှစ်မျိုးခွဲခြားနိုင်ပေသည်။ အတတ်ပညာတစ်ခုခုဖြင့်အသက်မွေးဝမ်းကျောင်းပြုနေသော(White Collar Worker) ဉာဏလုပ်သားနှင့် ခန္ဓာကိုယ်ကို အရင်းအနှီးပြု၍ရုန်းကန်နေကြရသော(Blue Collar Worker) ကာယလုပ်သားတို့ဖြစ်ကြသည်။ လူတိုင်းသည် ဉာဏလုပ်သားအဖြစ်သာ အသက်မွေးလိုကြသည်။ သို့သော် ဘဝပေးအခြေအနေအရ လှေထိုး၊ လှေတိုက်၊ ကုန်ထမ်း၊ လယ်ထွန်နေရသော ကာယလုပ်သားများစွာလည်းရှိနေသည်။ မည်သို့ပင်ဆိုစေကာမူ လူသားတို့သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ်ထားရှိသည့် စေတနာအင်အားအပေါ်မူတည်၍ ဆင်းရဲ၊ ချမ်းသာကွာဟသွားကြသည်။

**အလေးထားဆောင်ရွက်ပေးလျက်ရှိ**

နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုသည် ကုန်ထုတ်စွမ်းအားတိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှုအရည်အသွေးတိုးတက်မြင့်မားမှုတို့အပေါ်တည်မှီလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကာယအား၊ ဉာဏအားဖြင့် အရည်အသွေးကောင်းမွန်သည့်ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်လျက်ရှိသော အလုပ်သမားအင်အားထုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အလုပ်သမားများအကျိုးခံစားခွင့်များရရှိစေရေးနှင့် လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ အလုပ်ရှင်နှင့်အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေရေးတို့အတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်ရှင်နှင့်အလုပ်သမားတို့ကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျနှင့်လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူမှုဖူလုံရေးအပါအဝင် အခြားအကျိုးခံစားခွင့်များရရှိနိုင်ရန်တို့အတွက် မြန်မာနိုင်ငံသည် အသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် စည်းရုံးဆောင်ရွက်ခွင့်ဆိုင်ရာ ILO ပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးလျက်ရှိသည်။ ထို့ပြင် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်းဥပဒေအရ ၂၀၂၄ ခုနှစ် မေလ ၁ ရက်အထိ အလုပ်သမားအဖွဲ့အစည်း ၃၀၁၇ ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း ၂၈ ဖွဲ့ကိုလည်း ဖွဲ့စည်းခွင့်ပြုခဲ့ပြီး ယင်းအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားကလေးများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မေလ ၁ ရက်အထိ အလုပ်သမားဆေးရုံကြီးသုံးခု၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ တိုင်းရင်းဆေးခန်းတစ်ခန်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်း ၆၄ ခန်း၊ ရွေ့လျားဆေးကုသယာဉ်(Mobile Medical Unit) နှစ်စီးတို့ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အလုပ်သမားကြီးများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှစတင်၍ အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်(ASEAN Occupational Safety and Health Network– ASEAN–OSHNET)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်**

အမှန်တော့ မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ အလုပ်သမားများအရေးကိုအထူးအလေးထားကာ အလုပ်သမားများအခွင့်အရေးအပြည့်အဝရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားများအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် အလုပ်သမားများ၏ ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာ ရရှိခံစားနိုင်စေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခလစာသတ်မှတ်နိုင်ခဲ့ပြီး အနည်းဆုံးအခကြေးငွေနှုန်းထားကို နှစ်နှစ်တစ်ကြိမ်ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိသည်။

အလားတူ ပြည်ပရောက်အလုပ်သမားများအရေးနှင့်စပ်လျဉ်း၍လည်း ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများခွင့်ပြု၍ ပြည်ပနိုင်ငံများသို့ အလုပ်သမားများစေလွှတ်ခွင့်ပြုပေးလျက်ရှိသည်။ အထူးသဖြင့် ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခကြုံတွေ့နေရသူများကို သက်ဆိုင်ရာသံရုံးများ၊ ကောင်စစ်ဝန်ရုံးများမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးလျက်ရှိသည်။

**အလုပ်သမားကြီးများအရေး အလေးထားဆောင်ရွက်ပေးကြပါစို့**

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘွဲ့ရပညာတတ်လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုဖန်တီးပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် မေလ ၁ ရက်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကြီးဖြစ်သည်။ ထိုနေ့သည် ကမ္ဘာ့နိုင်ငံတိုင်းအတွက် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ ကာယ၊ ဉာဏလုပ်သားကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိကြသည်။ ထို့ကြောင့် ကျေးဇူးရှင်အလုပ်သမားကြီးများ၏ လူမှုဘဝဖူလုံရေးအာမခံချက်ရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပေသည်။

ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့်ပါဝင်ထမ်းဆောင်နိုင်ကြရန်လည်း အားထုတ်ကြိုးပမ်းလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် အလုပ်ရှင်များသည် ကာယ၊ ဉာဏလုပ်သားကြီးများ၏ လူမှုစီးပွားဘဝမြင့်မားလာပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်နိုင်စေရေးအတွက် **အလုပ်သမားကြီးများအရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း** တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့်စားသောက်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းဖြင့် ၃၁ ရက်မြောက်နေ့အဖြစ် လှည့်လည်ရောင်းချပေးလျက်ရှိ



**နေပြည်တော် ဧပြီ ၃၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့်မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်(UMFCCI)တို့၏ စီစဉ်မှု ဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံ များနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင် ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်း များဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ တွင် ၃၁ ရက်မြောက်နေ့အဖြစ် ဈေးကား ရှစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက် ရှိသည်။

၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှ ဧပြီလ ၃၀ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်း အလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြု သင်တန်းကျောင်း၊ဥတ္တရသီရိဆေးရုံဝန်ထမ်း အိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော် အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိ ရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက် အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိ ရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေး ဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဥတ္တရသီရိ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စုပေါင်း ရုံးများ၊ ပြည်သူ့လွှတ်တော်ရုံး၊ ဇေယျာသီရိ ခရိုင် မီးသတ်တပ်ဖွဲ့၊ ပျဉ်းမနားဘူတာ၊ ပျဉ်းမနားမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ နေပြည်တော် တိရစ္ဆာန်ဥယျာဉ် ဝန်ထမ်းအိမ်ရာတို့ရှိ ဝန်ထမ်းများအား ဆန် ၆ ပြည်ပါ (မနောသုခ– Export Quality) ၉၉၈၆ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃၀၈ အိတ်၊ ဆီပိဿာ ၃၀၇၂၀၊ ဆားပိဿာ ၁၅၀၀၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၅၃၅၉ ထုပ်၊ ငါးပိ ၂၈၅ ပိဿာ၊ အမဲသား ၂၅ ပိဿာ၊ ဝက်သား ပိဿာ ၂၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင် ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပွဲ့ ခြောက်များ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးကြင်း ၄၅ ပိဿာ၊ ငါးတန်ပိဿာ ၄၀၊ ငါးမုတ် ပိဿာ ၃၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့်မုန်ညင်းဖြူ စသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကား လေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၀၄ အိတ်၊ စားအုန်းဆီ ၄၈၁၅ ပိဿာ၊ ဆား ၆၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၂၄ ဘူး၊ ငါးပိ ပိဿာ ၂၀၊ ကြက်သွန်နီ ၅၅၈ ပိဿာ၊ အသားတု ၂၅ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက် များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင်ဈေးကား လေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက် ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၅၉၆ အိတ်၊ စားအုန်းဆီ ပိဿာ ၅၇၂၀၀၊ ဆား ၁၀၆ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၈၈ ထုပ်၊ ငါးပိ ၂၁ ပိဿာ၊ ငါးနီတူခြောက်၊ အာပွဲ့ခြောက်၊ ကြက်ဥ၊ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များ ကိုရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုခြင်းဆိုင်ရာနည်းပြဆရာဖြစ်သင်တန်းဖွင့်လှစ်



**နေပြည်တော် ဧပြီ ၃၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သည် ကျင်းပမည့်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိရာ ကချင်ပြည်နယ်၌ မဲပေးစက်အသုံး ပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပူတာအိုခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြု နိုင်ရေးနှင့်စပ်လျဉ်းပြီး သင်တန်းပို့ချ ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့်လိုက်နာမှတ်သားပြီး ဆင့်ပွား သင်တန်းများ ပြန်လည်ပို့ချရာတွင် ရှင်းရှင်းလင်းလင်းနှင့် ထိရောက်စွာပို့ချ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲကာလ လက်တွေ့အသုံးပြု ဆောင်ရွက်ရာတွင် အခက်အခဲ အမှား အယွင်းကင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ် ကြောင်း။

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ မဲပေးခြင်းဖြင့် ပယ်မဲ ဖြစ်ပေါ်မှုမရှိခြင်း၊ မဲရေတွက်ခြင်းအတွက် အချိန်ကြန့်ကြာမှုများ၊ ကိန်းဂဏန်းလွဲမှား မှုများကိုကျော်လွှားပြီး အချိန်တိုအတွင်း တိကျမှန်ကန်သည့်မဲရလဒ်များ ထုတ်ပြန် ဆောင်ရွက်နိုင်မည်ဖြစ်၍ အငြင်းပွားဖွယ် ဖြစ်ရပ်များ၊ မဲမသမာမှုများလည်း မရှိ နိုင်တော့ဘဲ ပိုမိုပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားပြီး မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များ ယာယီထိန်းသိမ်း ထားသိုမည့်နေရာများသို့ သွားရောက် စစ်ဆေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် မေလ(ပထမ) ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၃၀**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအား နည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ် နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲ အောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆ ရက်မှ ၈ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၃ ရက်မှ ၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းတို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ ဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၁ ပေမှ ၂ ပေခွဲခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃ ပေမှ ၅ ပေခွဲခန့် လက်ရှိ ရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၃ ပေခွဲမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်း လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၂ လက်မခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက် မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ လက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သောင်ရင်း မြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်း မြို့တွင် ၃ ပေခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များ အထက်မြင့်တက်လာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ် မြို့တို့တွင် ၂ ပေခန့်စီ၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၂ ပေခန့်၊ သံလွင် မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်း မြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**(မိုး/ဇလ)**

# လျှပ်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားနှင့် ထိခိုက်ပျက်စီးသော စေတီ၊ ဘုရားများ၊ ရှေးဟောင်းအဆောက်အအုံများအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မန္တလေး ဧပြီ ၃၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လျှပ်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ နန်းမြို့ဆုတောင်းပြည့်စေတီ၊ ပဟိုရ်စင်၊ စွယ်တော်စင်၊ ဥပုသ်တော်ဆောင်၊ မန္တလေးနန်းမြို့ရိုး၊ မဟာမုနိဘုရားနှင့် ထိခိုက်ပျက်စီးသော စေတီ၊ ဘုရားများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လျှပ်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နန်းမြို့ဆုတောင်းပြည့် စေတီတော်၊ စွယ်တော်စင်နှင့် ဥပုသ်တော်ဆောင်တို့ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုကို လည်းကောင်း၊ ပဟိုရ်စင်ပျက်စီးမှုနှင့် ယာယီအမိုးပြုလုပ်ထားမှုကိုလည်းကောင်း၊ လျှပ်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော မြနန်းစံကျော်ရွှေနန်းတော်ကြီးကိုလည်းကောင်း၊ လျှပ်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်နန်းမြို့ရိုး ၄၈၃၉ ပေ၊ သူရဲခို ၁၂၅၅ လုံး၊ မြို့ရိုးဝင်ပေါက်ပြအိုးနှင့် ပြာသာဒ်ဆောင်ကိုးခု၊ မီးတား ၁၂ ခုတို့မှ အုတ်ကျိုးအပိုင်းအစများ၊ နံရံအောက်ခြေရှိအုတ်ခဲကျိုးအပိုင်းအစများကို အပြီးသတ်ရှင်းလင်းခြင်း၊ သစ်သားပြာသာဒ်များ၏ထီးတော်တိမ်းစောင်းမှုများ တည့်မတ်ခြင်းလုပ်ငန်းများကို တပ်မတော်မှ အရာရှိ၊ အရာခံစစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ လျှပ်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရား အာရုံခံတန်ဆောင်း၊ မုခ်ဦးများ ရှင်းလင်းထိန်းသိမ်းမှုများကိုလည်းကောင်း၊ အာနန္ဒာဘုရား၊ ဘုရားနီဘုရား၊ အရိပ်မထွက်ဘုရားနှင့် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမ ပျက်စီးမှုအခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက်နိုင်ငံတော်ပရိယတ္တိတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဒေါက်တာဘဒ္ဒန္တကောသရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ရွှေဥဒေါင်းကျေးရွာရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့်ဖွင့်လှစ်ခဲ့သည့် စားသောက်ကုန်လုပ်ငန်းသင်တန်းဆင်းသူများအနက်မှ လုပ်ငန်းသုံးပစ္စည်းထောက်ပံ့ပေးထားသူများ၏ လေယာဉ်ပျံစားသောက်ကုန်လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အပ်ချုပ်စက်သင်တန်းဆင်းသူများအနက်မှ AT(အေတီ)အပ်ချုပ်ဆိုင်လုပ်ငန်းကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းများပိုမိုအောင်မြင်စေရေး တစ်ဦးတစ်ယောက်ချင်းမဟုတ်ဘဲ စုပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ရှားတောကျေးရွာအုပ်စု ငွေးပင်စံပြကျေးရွာသို့ သွားရောက်ပြီး ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ငွေးပင်၊ ရှားတော၊ သဲဖြူကျေးရွာတို့မှ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းအမှုဆောင်များ၊ နှမ်းစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နှမ်းစပါးစိုက်တောင်သူများအနေဖြင့် သတ်မှတ်ပန်းတိုင်အထွက်နှုန်းရရှိရေး၊ လိုအပ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်ပျိုးမြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းမရရှိပါက အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီး နောက်တစ်ကြိမ် ပြန်လည်စိုက်ပျိုးချိန်တွင် အားနည်းချက်များကို ပြုပြင်စိုက်ပျိုးသွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နှမ်းစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှားတောကျေးရွာအုပ်စုရှားတောကျေးရွာသို့သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေသန့်များဖြန့်ဝေပေးနေမှုအခြေအနေများအားလည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရာဂိမုန်တိုင်းကြောင့်ပျက်စီးသွားသော ရှားတော-ညောင်ပင်သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အရှည်ပေ ၁၈၀ ရှိ Submersible Bridge တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရပ်စောက်မြို့နှင့် ပင်းတယမြို့ ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဧပြီ ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည်ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နှင့် ပင်းတယမြို့ပတ်ဝန်းကျင်ဒေသများ အထူးစိမ်းလန်းစိုပြည်စေရေးအတွက် ယခုနှစ်မိုးရာသီတွင် စိုက်ခင်းဧက ၁၀၀၀ တည်ထောင်ရန် စိုက်ခင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးသည်တာဝန်ရှိသူများနှင့်အတူ ရပ်စောက်မြို့နယ် မြို့မသစ်တောပျိုးဥယျာဉ်၌ စိုက်ခင်းတည်ထောင်ခြင်းနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများအတွက် သစ်မျိုး ၁၄ မျိုးဖြင့် ပျိုးပင် ၁၅၆၀၀၀ ကျော် ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ ဗထူးရှိယာယီပျိုးဥယျာဉ်၌ ရပ်စောက်မြို့ ပတ်ဝန်းကျင်အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ဧက ၈၉၀ တည်ထောင်ရန် သစ်မျိုး ၁၃ မျိုးဖြင့် ၂ ပေ အထက် ပျိုးပင်ပေါင်း ၁၁၈၀၀၀ ကျော် ရောက်ရှိထားမှုနှင့် ထိန်းသိမ်းထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ထို့နောက် စိုက်ခင်းတည်ထောင်ရန် မြေကျင်းတူး၊ မြေဩဇာထည့်ကျင်းဖို့ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးပြီး မိုးရာသီတွင် သစ်ပင်စတင်စိုက်ပျိုးနိုင်ရန် အသင့်အနေအထားဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စိုက်ကွက်များအတွင်း သစ်မျိုးအလိုက်စိုက်ပျိုးမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ရပ်စောက်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ မွေတော်သစ်ဆိပ်သို့ရောက်ရှိပြီး တာဝန်ရှိသူများက သစ်ဆိပ်သို့ သစ်လုံးများရောက်ရှိပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများ၊ သစ်စက်များသို့ သစ်လုံးများတင်ပို့ပြီးစီးမှုနှင့်ဆက်လက်တင်ပို့မည့် အခြေအနေများ၊ သစ်စက်များမှသစ်ခွဲသားများအား ငလျင်ဒဏ်သင့် အင်းလေးဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ပေးပို့ထားမှုနှင့် ဆက်လက်ပေးပို့မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားကာ သစ်စက်များ၌ သစ်ခွဲသားများ ခွဲစိတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ပတ်ဝန်းကျင်အထူးစိမ်းလန်းစိုပြည်ရေးအတွက် ကုံလုံကျောင်းအနီးရှိ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်း ၈၅ ဒသမ ၅ ဧက ကိုလည်းကောင်း၊ ကျောက်စုကျေးရွာအနီးရှိ အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ၈ ဧကကိုလည်းကောင်း၊ သစ်အယ်ပင်ကျေးရွာအနီးရှိအထူးစိမ်းလန်းစိုပြည်ရေး ၆ ဒသမ ၅ ဧကကိုလည်းကောင်း၊ ပင်းတယမြို့နယ် ဝါးတရာကျေးရွာအနီး ကျောက်တောင်မြေအထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း ၁၀ ဧက တည်ထောင်ရန် ကျင်းတူး၊ မြေဖို့ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။ **(သတင်းစဉ်)**

# တပ်မတော်၏နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့်သဘောထားများကို ပြည်သူများသိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်းလုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာအားပြုနိုင်ရမည်ဖြစ်




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)တွင် မိန့်ခွန်းပြောကြားစဉ်။

○ **ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါညီလာခံအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)နှင့်အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့အထူးညီလာခံ(၂၀၂၅)သို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် အထူးညီလာခံ(၂၀၂၅)ကိုကျင်းပရသည့်ရည်ရွယ်ချက်မှာ အခြေအနေအကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အမှုဆောင် အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်း၊ အတည်ပြုခြင်းနှင့် လိုအပ်သည့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်၏ကာကွယ်ရေး အရန်အင်အားစုကြီးဖြစ်သည်နှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ပြဋ္ဌာန်းထုတ်ပြန်ပြီး စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသကဲ့သို့ တပ်မတော်မှ အငြိမ်းစားယူပြီးသည့်နောက်တွင်လည်း "Once a Soldier, always a Soldier" "တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင်အမြဲတမ်းစစ်သားပင်" ဆိုသည့်စကားနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် လိုအပ်ချိန်တိုင်း နိုးကြားတက်ကြွစွာ တာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်တို့အတွက် ဝမ်းသာဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

နိုင်ငံလွတ်လပ်ရေးရပြီးချိန် ၁၉၄၈ ခုနှစ်ကတည်းက စစ်ပြန်စစ်မှုထမ်းဟောင်းကြီးတွေသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မြို့ရွာဒေသအလိုက် အချင်းချင်းအပြန်အလှန်အထောက်အကူပြုရင်း စစ်မှုထမ်းဟောင်းအဖွဲ့လေးများဖွဲ့ကာ ဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကိစ္စများတွင် ပရဟိတစိတ်ဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါအဖွဲ့အစည်းများကို ၁၉၇၃ ခုနှစ်တွင် စနစ်တကျပြန်လည်စုဖွဲ့ပြီး မြန်မာနိုင်ငံ စစ်ပြန်စစ်မှုထမ်းဟောင်းများဗဟိုစည်းရုံးရေးကော်မတီနှင့် မြို့နယ်စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများ စတင်ချမှတ်နိုင်ခဲ့ကြောင်း၊ ၎င်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ(၁၉၈၉)နှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထုတ်ပြန်ပြီး ဥပဒေနှင့်အညီဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်တွင် ပြောင်းလဲလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ၂၉-၃-၂၀၁၆ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်(၃၆/၂၀၁၆)ဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ဖျက်သိမ်းပြီး သီးခြားလွတ်လပ်သည့် တပ်မတော်၏ မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့ကို နာယက ၁၂ ဦး၊ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးနှင့် ဗဟိုကောင်စီဝင် ၇၆ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုဌာနချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၁၂ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၃၁၈ ဖွဲ့တို့ဖြင့်ဖွဲ့စည်းထားပြီး စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေ




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)သို့ တိုင်းဒေသကြီးနှင့်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက Video Conferencing ဖြင့်တက်ရောက်ကြစဉ်။

ဖြင့် ရည်ရွယ်ချက်(၄)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တို့ကိုချမှတ်ပြီး တပ်မတော်၏ အရန်အင်အားအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသလုံခြုံရေးနှင့် ပြည်သူ့အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့် တစ်သားတည်းရှိရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့်အပြောအဆိုအပြုအမူများကို သတိပြုကြရန်နှင့် မိမိ၏အပြုအမူအပြောအဆိုသည် မိမိအဖွဲ့အစည်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့်တပ်မတော်ကိုပါ တိုက်ရိုက်အကျိုးသက်ရောက်မှုရှိစေသည်ကို နှလုံးသွင်းထားကြရန်လိုအပ်ကြောင်း။

တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့်သဘောထားများကို ပြည်သူများသိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်း လုပ်ဆောင်ခြင်းထက်ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာအားပြုနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် “ပြည်သူ့စစ် မဟာဗျူဟာ” ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့်ပြည်သူကြားတွင် ခိုင်မာသည့် ပေါင်းစည်းအားရရှိအောင် ဆက်လက်ကြိုးပမ်းပံ့ပိုးပေးသွားကြရမည်ဖြစ်ကြောင်း။



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**❖ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်၏ကာကွယ်ရေးအရန်အင်အားစုကြီးဖြစ်သည်နှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ပြဋ္ဌာန်းထုတ်ပြန်ပြီး စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ် . . .**

**❖ တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသကဲ့သို့ တပ်မတော်မှအငြိမ်းစားယူပြီးသည့်နောက်တွင်လည်း** “Once a Soldier, always a Soldier” **“တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင်အမြဲတမ်းစစ်သားပင်” ဆိုသည့်စကားနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် လိုအပ်ချိန်တိုင်း နီးကြားတက်ကြွစွာတာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်တို့အတွက် ဝမ်းသာဂုဏ်ယူသည်ကို ပြောကြားလို . . .**

**❖ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့်ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားသဖွယ်ဆောင်ရွက်သွားကြရမည်ဖြစ် . . .**

**❖ အစိုးရအနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း၌ လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပနိုင်အောင်စီမံဆောင်ရွက်လျက်ရှိ . . .**

**❖ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး(၅)ရပ်ကို စစ်သားကောင်းတစ်ယောက်ပီပီ လိုက်နာအကောင်အထည်ဖော်ပြီး ပြည်သူနှင့်တပ်မတော်အကြား ခိုင်မာသည့်ပေါင်းကူးသဖွယ်ဖြစ်အောင် ကြိုးပမ်းသွားကြရန်မှာကြားလို . . .**

အစိုးရအနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း၌ လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပနိုင်အောင်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ပြန်လည်ထူထောင်ရေးကာလ မိမိတို့နိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် ပြည်တွင်းပြည်ပအဖျက်သမားများ၏ ထိုးနှက်တိုက်ခိုက်မှုများ၊ ပြီးခဲ့သည့်နှစ်များအတွင်းက ဖြစ်ပွားခဲ့သည့်ရာဂိမုန်တိုင်းနှင့် ရေကြီးရေလျှံမှုများ၊ လတ်တလောဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး ဘေးအန္တရာယ်များသည် တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း၊ အားလုံးတက်ညီလက်ညီဖြင့် စည်းစည်းလုံးလုံးကျော်ဖြတ်ကြမည်ဆိုပါက အခက်အခဲအကျပ်အတည်းများကြားမှ အမြန်ဆုံးရုန်းထွက်နိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးသည် နိုင်ငံတော်အတွက် အရေးကြီးခြင်းကြောင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထုစိတ်အေးချမ်းသာစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်မည်ဆိုပါက လူမှုစီးပွားဘဝများသည် မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့်လည်း ထမ်းဆောင်နေရသည့် ကိုယ်စီတာဝန်များအပြင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် စဉ်ဆက်မပြတ် မျက်စိကိုဖွင့် နားကိုစွင့်ထားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သားဟောင်းများဖြစ်သည့်အတွက် တပ်မတော်၏အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့် ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်းသွားကြရန်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တပ်မတော်၏အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး(၅)ရပ်ကို စစ်သားကောင်းတစ်ယောက်ပီပီ လိုက်နာအကောင်အထည်ဖော်ပြီး ပြည်သူနှင့်တပ်မတော်အကြားခိုင်မာသည့်ပေါင်းကူးသဖွယ်ဖြစ်အောင်ကြိုးပမ်းသွားကြရန်မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသည့်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Patron of Myanmar War Veterans Organization Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing addresses MWVO special conference (2025)

NAY PYI TAW April 30

Myanmar War Veterans Organization held its special conference (2025) this morning at the MWVO headquarters in Dekkhinathiri Township, Nay Pyi Taw Council Area, addressed by Patron of MWVO Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Also present were Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, union level dignitaries, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin, senior military officers from the Office of the Commander-in-Chief,



Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing delivers address at the MWVO special conference (2025).



Senior General Min Aung Hlaing cordially converses with a veteran.

Chair of the Central Executive Committee of MWVO General Khin Aung Myint (Retired) and members, the Nay Pyi Taw Command commander, chairs of war veterans supervisory committees and representatives to the conference and invited guests. Officials of the region/state war veterans supervisory committees took part in the meeting through video conferencing.

In his address, the Senior General said the aim of the conference is to elect and approve the members of MWVO Central Council, region\state supervisory committees and township executive committee members, which fell vacant for various reasons, and to issue necessary directives.

As the MWVO is the reserve force of the Tatmadaw, it is an organization systematically set up under the law, regulations, and directives. The Senior General lauded the war veterans for their dutiful service in the Tatmadaw and for actively serving the interest of the nation and people whenever needed in accord with the saying "Once a Soldier, always a Soldier."

He said beginning from the time the country regained independence in 1948, war veterans were supporting each other in their own way town or village wise, setting up local war veterans' bodies and actively taking part in regional development and security undertakings with altruistic desire. Those bodies were reorganized in 1973 and set up Myanmar War Veterans Central Organizing Committee and township organizing committees. Adoption of the rules of structuring and basic principles began in 1975, and the war veterans organization at all levels were established in accord with the law after issuing legal procedures in 1989.

As per the changing State Constitution in 2016, the MWVO Central Organizing Committee was abolished with Order No. 36/2016 of the President's Office on 29-3-2016, and turned into an independent associate of the Tatmadaw, with 12 patrons of the 34-member central executive committee and 76 members of the central council.

The MWVO is formed with the central HQ office, 21 region/state war veterans organizations and 308 township war veterans organizations and is carrying out its activities in the whole country. It adopted the four goals and seven-point roadmap and is taking part in nation-building, regional security and protecting the people's interest with might and main as the Tatmadaw's reserve force.

Tatmadaw, as a military institution born of the people, must maintain a close connection with them. The MWVO, comprised of former military personnel, engages regularly with the public and is therefore expected to serve as a vital bridge between Tatmadaw and the public. In doing so, it is essential to exercise caution in speech and conduct to avoid violating Our Three Main National Causes, which represent national responsibilities. It is also important to remember that the actions and words of members directly affect the image of Tatmadaw.

To help the public understand the true stance of Tatmadaw towards the state and its citizens, it is important not to rely solely on Tatmadaw. Instead, the organizing capabilities of veterans' groups should be effectively utilized as a driving force. To successfully implement the 'People's

See Page - 19 ►►

►► From Page - 18
War Strategy' outlined by the state, it is essential to continue fostering strong unity between the military and the people.

The government is working to ensure that a free and fair multi-party democracy general election is held in December. The attacks by both domestic and foreign destructive forces during the country's recovery period following the COVID-19 pandemic, as well as the devastating impacts of Typhoon Yagi, recent floods, and the recent Mandalay Earthquake, have resulted in significant losses to the nation. By working together, we can overcome the challenges and crises as swiftly as possible.

The prosperity and food security of the country are vital to the state and have been implemented as two national goals. If the country is stable and peaceful, and the people can work, eat, and live in peace, socio-economic development will inevitably follow. He stated that he would like to urge veterans to continue to keep their eyes and ears open for the national interests, in addition to their individual responsibilities.

As veterans, one must continue to uphold the good traditions of Tatmadaw and maintain the good reputation of the veterans' organization. Stand strong and cooperate as a backup force for Tatmadaw in national defence, security, and public welfare activities, with Our Three Main National Causes at the forefront. He stated that he would like to urge the implementation of the seven-point roadmap and five major tasks as a good soldier and to strive to be a strong bridge between the people and the military.

Then, the Senior General warmly greeted the veterans attending the ceremony.

Following this, the Senior General took a group photo with the CEC members of the MWVO who were present at ceremony. **100**

# More than 1,000 acres of sweet corn planted in Kyunhla Township

KYUNHLA April 30

According to the statistics from the Kyunhla Township Agriculture Department, a total of 1,335 acres of sweet corn have been successfully cultivated in Kyunhla Township of Sagaing Region during the 2024-2025 winter crop season.

The plan for this season targeted 1,337 acres for sweet corn cultivation, with planting beginning in October 2024. As of today, 1,335 acres have been planted, and efforts are ongoing to ensure the completion of the planned acreage.

Daw Myint Myint Yi, Head of the Kyunhla Township Agriculture Department, stated:

"We have set a target of cultivating 1,337 acres of sweet corn this season, and so far, 1,335 acres have been successfully planted. We are working to ensure the full target is met. Moreover, our department is providing guidance on pest control and disease prevention to ensure a successful harvest. Sweet corn cultivation has been increasing year by year."

The Kyunhla Township Agriculture Department is also supporting local farmers by providing training programmes, field demonstrations, and pest prevention measures. Farmers are educated on integrated pest management systems, including the use of neem-used insecticides, ginger-based natural pesticides, and chilli-based pest control solutions.

On average, each acre of sweet corn yields 15,000 cobs, and the estimated cultivation cost per acre is over Ks-500,000. **SMK**

# Over 900 acres of summer paddy planted in Taungdwingyi Township

TAUNGDWINGYI April 30

Taungdwingyi Township, located in Magway Region, has been working to enhance the capacity for summer paddy planting since February 15, utilizing the Yanpe and Ngamin irrigation systems. As of March 24, over 900 acres of summer paddy have been successfully planted. Short-term, high-yielding rice varieties such as Sapaothar and Aungnaingtoe have been used, with planting methods including rice planting machines, seeding equipment, and various cultivation techniques, according to the Township Agriculture Department.

In Taungdwingyi Township, a Township Agriculture Supervisory Committee (Taskforce) has been established to conduct agricultural training courses aimed at achieving the target yield for summer paddy. The committee is organizing field demonstrations on summer paddy planting using low-cost, hand-pulled rice planting machines, as well as natural and chemical fertilizers. They are also closely monitoring the supply of agricultural inputs and ensuring that the summer paddy planting areas have an adequate water supply. **SK**

# More than 15,000 acres of sunflower cultivated in Htigyaing Township

HTIGYAING April 30

According to records from the Htigyaing Township Agriculture Department, a total of 15,340 acres of sunflower crops have been cultivated in Htigyaing Township, Katha District, Sagaing Region, during the 2024-2025 winter growing season.

The township initially planned to cultivate 15,360 acres of sunflower for this season, starting from October 2024. As of today, 15,340 acres have been successfully planted.

"We have planned to cultivate 15,360 acres of sunflower in Htigyaing Township during this winter growing season. So far, 15,340 acres have been planted. Efforts are being made to meet the targeted cultivation area. To reduce the need for imported palm oil, we are expanding the cultivation of oil-producing crops like sunflower. Compared to other oil crops like groundnut and sesame, sunflower yields more oil per acre. Sunflower is primarily grown during the winter season," said U Ko Ko Aung, the head of the Htigyaing Township Agriculture Department.

To further expand sunflower cultivation in the township, the Agriculture Department is intensifying training programmes to educate farmers and improve their productivity.



Additionally, the department has been working to support farmers by providing quality sunflower seeds, ensuring the availability of affordable urea fertilizer and facilitating seed exchange programs among farmers to distribute high-yield varieties.

These initiatives aim to boost local sunflower production and contribute to reducing reliance on imported edible oils. **SK**

# More than 19,000 acres of groundnut successfully cultivated in Kalay Township

KALAY April 30

According to records from the Kalay Township Agriculture Department, a total of 19,292 acres of groundnut have been planted in Kalay Township during the winter crop planting season.

For the 2024-2025 winter crop season, the target for groundnut cultivation in Kalay Township was set at 19,283 acres. Planting began in October 2024, and as of today, 19,292 acres have been successfully cultivated, surpassing the initial target.

"The target for groundnut cultivation in Kalay Township was 19,283 acres, but we have already exceeded that, with 19,292 acres planted. The cultivation is progressing successfully. Groundnut farming is thriving, and oil crops are also in a strong position. The cultivation area has been expanding year by year," said U Naing Tun Win, the Head of the Kalay Township Agriculture Department.

In Kalay Township, farmers use 1.5 baskets of seeds per acre for groundnut cultivation. The total cost per acre, including seed expenses, labour wages, fertilizers, and pesticides, exceeds Ks-200,000. The yield per acre is estimated to be over 50 baskets.

To ensure the success of groundnut farms, prevent pest infestations, and maintain weed-free fields, officials from the Kalay Township Agriculture Department regularly conduct field inspections and maintain monitoring records. **SMK**

# Zelensky openly threatening Victory Day terrorist attack – Moscow

MOSCOW April 30

Ukraine's Vladimir Zelensky has openly threatened to target the Victory Day parade in Moscow on May 9, according to Russian Foreign Ministry spokeswoman Maria Zakharova.

Russia has announced a unilateral three-day ceasefire next week to coincide with the celebration commemorating the defeat of Nazi Germany in World War II. Kiev has rebuked the move, instead demanding an immediate unconditional 30-day truce.

On Tuesday, Zelensky described targeting Russian "pressure points" to push the country "towards diplomacy" as he reiterated the ceasefire call.

"They are now concerned that their parade is in jeopardy and rightly so," he remarked, referring to the event scheduled for May 9 in Red Square. "What they should worry about is that this war continues."

Zakharova reacted on social media on Wednesday, asking what kind of truce Kiev can offer, given that the Zelensky government "is literally planning terrorist attacks on air." She added that boasting about such intentions "is exactly what typical terrorists do."

Officials in Kiev claim that the offer of a unilateral suspension of hostilities by Russia is "not real" and merely aims to pressure Ukrainian forces into granting their adversaries a respite during the Victory Day festivities.

Ukrainian nationalist figures who were allied with Nazi Germany during World War II are treated as heroes by the current government. Those who commemorate Adolf Hitler's defeat on May 9 — rather than May 8, as observed in Western Europe and the United States — face harassment in Ukraine for perceived disloyalty.

The prospect of striking Red Square while President Vladimir Putin and foreign dignitaries observe the parade is being actively discussed in Ukrainian media. MP Roman Kostenko, secretary of the country's parliamentary Defence Committee, stated in an interview on Tuesday that Kiev possesses the necessary weapon systems for such an operation, asserting that planning it "would not be difficult."

The same lawmaker recently suggested that if the two nations were to reach a peace agreement, Kiev's secret services might embark on a decades-long campaign of assassinations against Russian officials. **RT**

# Pakistani Information Minister says India planning attack in next 24-36 hours

MOSCOW April 30

Pakistani Information Minister Attaullah Tarar said on Wednesday that India plans to launch a military strike on Pakistan in the next 24-36 hours amid worsening relations between the two countries following a terrorist attack in India's Jammu and Kashmir.




"Pakistan has credible intelligence that India intends carrying out military action against Pakistan in the next 24-36 hours on the pretext of baseless and concocted allegations of involvement in the Pahalgam incident," Tarar said on X.

He noted that any act of aggression will be met with a decisive response from Islamabad.

On April 22, a terrorist attack took place near the town of Pahalgam in India's Jammu and Kashmir, killing 26 people, including one Nepalese citizen. A group of terrorists from the Resistance Front, affiliated with the Lashkar-e-Taiba group (banned in Russia), claimed responsibility for the attack. Following the attack, the Indian Cabinet Committee on Security decided to reduce the staff of the embassies of India and Pakistan in each other's countries, suspend the Indus Waters Treaty (IWT) and close the only functioning land border crossing between the two countries.

**Sputnik**

# Death toll rises to 39 in sectarian clashes near Damascus as ceasefire falters

DAMASCUS April 30

The death toll from ongoing sectarian clashes in the southern suburbs of Damascus climbed to 39, including 16 security personnel, after ceasefire efforts collapsed and intense fighting resumed in Ashrafiyat Sahnaya, officials and monitoring groups said Wednesday.

According to the Syrian interior authorities, armed groups launched coordinated attacks overnight on security checkpoints and patrols in agricultural zones surrounding the town, targeting both civilian and security vehicles.

Eleven officers from the General Security Directorate were killed in the initial assault, and another five fell during a renewed attack Wednesday morning, bringing the total number of fallen security personnel to 16.

The ministry confirmed that ceasefire attempts involving local elders and government representatives were violated when the armed groups reneged on their commitments and resumed attacks.

The Observatory noted low-flying Israeli reconnaissance aircraft were spotted over Sahnaya during the clashes, though no strikes were reported.

The recent violence stems from the leak of an audio recording attributed to a member of the Druze community containing comments deemed offensive to Islam.

The recording triggered widespread outrage and incitement on social media, setting off deadly clashes earlier this week in Jaramana, where 17 people were killed.

In total, at least 39 people have been killed in the latest wave of violence across Jaramana, Sahnaya, and Ashrafiyat Sahnaya, including both government forces and local armed factions.

Local officials are continuing efforts to prevent further escalation, but as of Wednesday afternoon, fighting was ongoing, and fears persist that the unrest may drag on if not contained quickly.

**Xinhua**

# US, Ukraine minerals deal includes possibility of 'military aid' - Ukraine Prime Minister

MOSCOW April 30

The draft rare earths agreement between the United States and Ukraine includes the possibility of receiving "military aid," Ukrainian Prime Minister Denys Shmygal said on Wednesday.

"A very good, very partnership agreement, which provides huge advantages, investments and benefits for our state, provides for the opportunity to receive military assistance from the United States, which will be considered as a contribution to this fund," Shmygal said. **Sputnik**

# Power outage causes seven deaths in Spain

MADRID April 30

Spanish authorities are investigating the deaths of seven individuals believed to be linked to a widespread power outage that affected Spain and Portugal on Monday.

The fatalities occurred under different circumstances, all potentially connected to the blackout.

On Tuesday, members of Spain's Civil Guard discovered the bodies of an elderly couple, aged 81 and 77, and their 56-year-old son at their home in Taboa-dela, a town in the northwestern region of Galicia. Authorities suspect the trio succumbed to carbon monoxide poisoning caused by fumes from a generator placed outside their home. One of the victims reportedly had respiratory issues and sometimes required breathing assistance.

In a separate incident, a 52-year-old man died in Madrid's Carabanchel neighborhood following a fire in an apartment block around 10 p.m. (2000 GMT) on Monday. Thirteen others were treated for smoke inhalation. The fire is believed to have been started by a candle used for illumination during the blackout.

Three additional deaths, indirectly linked to the outage, occurred on Monday in Galicia. In Ferrol, a 59-year-old man with pre-existing medical conditions was found dead. An 80-year-old man died in Betanzos, while an 86-year-old man died in Dumbria.

**Xinhua**

# The message sent by Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the International Workers' Day (1 May 2025)

**Esteemed workers,**

International Workers' Day is a historically significant day that emerged from workers themselves demanding their rights, and it is a historic day that is valuable for workers.

International Workers' Day is celebrated in countries around the world annually on 1 May. In Myanmar as well, celebrations began on 1 May 1938. This day is observed each year to honour workers, who are a vital and essential force in the nation's economic development. As of 1 May 2025, it will mark the $87^{th}$ celebration of this occasion.

On this occasion of Workers' Day, I extend my heartfelt greetings and best wishes for good health, peace of mind, and all-round prosperity to all the people, including the esteemed workers who are contributing their physical and intellectual strength with auspiciousness —with perseverance, diligence, effort, and goodwill—to the development of the nation and the betterment of socio-economic life.

The government is working to promote the State economy and improve the socio-economic well-being of the people by enhancing agriculture- and livestock-based production industries, and by supporting and promoting Micro-, Small-, and Medium-sized Enterprises (MSMEs) based on locally available natural materials in different regions. At the same time, efforts are being made to develop other economic sectors. On this occasion, I would first like to respectfully honour and recognize the hardworking labourers who are contributing to the national development.

**Esteemed workers,**

The government is promoting MSME (Micro-, Small-, and Medium-sized Enterprises) in order to increase domestic employment opportunities, reduce the unemployment rate, enhance domestic production, substitute imported goods, and enable the export of surplus local products.

The government, employers, and workers are continuing to collaborate to enhance the socio-economic life of labour forces that play a vital role in national development, as well as to promote the development of human resources. Efforts are ongoing to upgrade vocational training schools to improve workforce skills, extend more number of training schools, to open more training programmes that provide greater employment opportunities, and to produce skilled workers who can compete not only locally but also internationally.

**Esteemed workers,**

To strengthen the role of workers in tripartite collaboration among the government, employers, and employees, the 2011 Labour Organization Law grants freedom to establish employer and worker organizations. As a result, 3,116 labour organizations and 28 employer organizations have been formed. These organizations contribute not only to increased production and national economic development but also to the protection and promotion of workers' rights.

Inspections and regulatory measures are being taken at factories, workplaces, and departments to ensure that workers receive the entitlements granted under labour laws, and to promote occupational safety and health. Furthermore, to enhance workplace safety and health standards, the Social Security Board under the Ministry of Labour has established a national-level Social Security Board. In collaboration with both local and international organizations, Myanmar has been participating as a member of the ASEAN Occupational Safety and Health Network (ASEAN–OSHNET) since the year 2000.

**Esteemed workers,**

Since Myanmar is a member state of the International Labour Organization (ILO), it has been implementing and adhering to the conventions and recommendations prescribed by the ILO in accordance with the country's existing laws. Likewise, Myanmar has been cooperating with the ILO in addressing complaints related to forced labour issues.

In accordance with ILO Convention No 182 on the Worst Forms of Child Labour, Myanmar is taking protective and preventive measures, as well as awareness-raising activities, to eliminate the worst forms of child labour. These efforts are being carried out under the National Plan of Action for the Elimination of Child Labour, in line with existing laws.

The relationship between employers and workers should be good, ensuring a peaceful work environment and resolving conflicts in a fair and just manner. This will allow workers to quickly and fairly enjoy their rights. Therefore, the establishment of 2,982 Workers' Coordination Committees, 325 Township Coordination and Mediation Groups, 15 Conciliation Teams, and one Conciliation Council plays a significant role in facilitating resolution. By providing awareness programmes at factories and workplaces, not only can the relationship in the workplace be improved, but it will also contribute to increased productivity.

The social security plan is being implemented to ensure the social and health security of workers who are the main productive force of the country. Under this plan, insured workers from a total of 126 townships are entitled to medical treatment and financial benefits. Moreover, during the COVID-19 pandemic, insured workers were provided with social security benefits amounting to Ks-71,855.549 million (Ks-71.856 billion). Furthermore, a total of 3,394 insured workers who were affected by the flooding due to Typhoon Yagi received assistance amounting to Ks-266.297 million. For those insured workers affected by the severe 7.7 Richter-scale Mandalay earthquake on 28 March 2025, financial assistance for family support related to natural disaster risk is being planned, with an estimated amount of Ks-21,703.104 million (Ks-21.703 billion).

**Esteemed workers,**

Due to the shortage of workers in the country caused by the migration of workers abroad, it is necessary to focus on creating job opportunities within the country where there is a safer and more secure living environment, rather than encouraging more migration. Therefore, job fairs are being organized in some regions and states, where employers collaborate to provide a one-stop service for job placements. The Labour Exchange Management System has been developed to offer effective employment services and is available on the website. In sending Myanmar workers abroad, priority is given to countries with good wages and benefits. By comparing the number of workers who return after completing their contracted period with the number to be sent, efforts are made to create employment opportunities both domestically and abroad.

In order to ensure that Myanmar workers have access to overseas employment opportunities, to protect workers' rights and prevent the loss of these rights, to systematically apply the experiences, knowledge, and skills gained from abroad for domestic use, and to contribute to the country's development through remittances sent by Myanmar migrant workers to their families via official channels, workers are being sent abroad in accordance with the law. To safeguard Myanmar workers abroad, labour attachés have been appointed in Japan, the Republic of Korea, Malaysia, and Thailand, while in countries without labour attachés, the relevant Myanmar embassies and consulate-general provide protection and support.

In conclusion, the government is implementing the Five-Point Roadmap and Nine Objectives set to foster the economic development of the country and improve the socioeconomic lives of its citizens. The role of workers is substantial in enhancing manufacturing sector through efficient utilizing internal resources and initiating the country to become an exporter transformed from the importer. The performance of the workforce is critical in achieving this goal. As such, I urge the workers to collaborate with the government to the best of their abilities, to serve the interests of the nation and the people in honour of International Workers' Day.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# INNOVATION

## ရေအောက်ထဲမှာ ရက်ပေါင်း ၃၀ ကြာနေနိုင်မယ့် ကမ္ဘာ့အမြန်ဆုံးရေအောက်သွားယာဉ်

တရုတ်နိုင်ငံက အပြာရောင်ဝေလငါးလို့အမည်ရတဲ့ မောင်းသူမဲ့ရေအောက်သွားယာဉ်တစ်မျိုးကို ရေချလိုက်ပါတယ်။ သူ့ရဲ့အလျားက ၁၁ မီတာနဲ့ တန်ချိန်က ၁၂ တန်ရှိတဲ့ အဲဒီရေယာဉ်က ကမ္ဘာ့အမြန်ဆုံးရေအောက်သွားယာဉ်ဖြစ်တယ်လို့လည်းဆိုနိုင်ပါတယ်။

သူကရေပေါ်မှာဆိုရင် အမြန်နှုန်းအနေနဲ့ရေမိုင် ၃၆ မိုင်နှုန်းနဲ့သွားနိုင်ပါတယ်။ အဲဒီအရှိန်က ရေတပ်မှာအသုံးပြုနေတဲ့ ဖျက်သင်္ဘောများရဲ့အရှိန်၊ အကြီးစားတော်ပီဒိုများရဲ့အရှိန်နဲ့အတူတူပင်ဖြစ်တဲ့အပြင် အလွန်ဝေးကွာတဲ့နေရာဒေသတွေအထိ အလွန်လျင်မြန်စွာဖြန့်ကြက်နိုင်တယ်လို့ဆိုပါတယ်။

ဒါ့အပြင် သူကသတ်မှတ်ထားတဲ့နေရာကိုရောက်သွားတဲ့အခါမှာ ရေအောက်ကို မီတာ ၆၀ အနက်အထိငုပ်လျှိုးနိုင်ပြီး ရေအောက်မှာတင် ရက်ပေါင်း ၃၀ ကြာနေပြီး သူ့ရဲ့လုပ်ငန်းဆောင်တာများကိုအပြည့်အဝလုပ်ဆောင်နိုင်စွမ်းရှိတယ်လို့ဆိုပါတယ်။

သူ့ရဲ့စွမ်းဆောင်ရည်များအနက် အများနဲ့မတူဘဲသာလွန်တဲ့အချက်က နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများကဲ့သို့ ရေဒါမှာမဖမ်းယူနိုင်တဲ့ကိုယ်ပျောက်စွမ်းရည်လိုမျိုးလည်းပါဝင်ပါတယ်။ ဒီအတွက်ကြောင့် အပြာရောင်ဝေလငါးလို့အမည်ပေးထားတဲ့ အဲဒီရေအောက်သွားယာဉ်က တရုတ်နိုင်ငံအနေနဲ့ အဏ္ဏဝါနည်းပညာတီထွင်ဖန်တီးမှုမှာ အမှီအခိုကင်းနေပြီလို့ဆိုနိုင်ကြောင်း ဦးဆောင်သိပ္ပံပညာရှင်ချန်းဒိတ်ကပြောပါတယ်။ **Ref: IE**

**K.H**



## ကမ္ဘာ့ပထမဆုံး လျှပ်စစ်စွမ်းအင်သုံးဝေဟင်တက္ကဆီ စမ်းသပ်မှုအောင်မြင်

ကယ်လီဖိုးနီးယားပြည်နယ်မှာအခြေစိုက်တဲ့ Joby Aviation ဆိုတဲ့ကုမ္ပဏီက လေကြောင်းသမိုင်းကြောင်းခေတ်တစ်ခုကိုဆန်းသစ်စေခဲ့ပါတယ်။ အကြောင်းရင်းကတော့ ကမ္ဘာ့ပထမဆုံးလျှပ်စစ်စွမ်းအင်သုံးဝေဟင်တက္ကဆီကို အောင်မြင်စွာစမ်းသပ်လိုက်နိုင်တာပဲဖြစ်ပါတယ်။

အဲဒီဝေဟင်တက္ကဆီက လူမဲ့တော့မဟုတ်ပါဘူး။ သူ့ကိုမောင်းနှင်တဲ့သူပါပါတယ်။ ဒါပေမဲ့ သမားရိုးကျလေယာဉ်မျိုးမဟုတ်ဘဲ ဒေါင်လိုက်အတက်အဆင်းလုပ်ကာအလျားလိုက်ပျံသန်းနိုင်တဲ့လေယာဉ်ဖြစ်ပါတယ်။ ဒီလိုမျိုးလေယာဉ်ကိုအောင်မြင်စွာစမ်းသပ်လိုက်နိုင်တာဟာ ကမ္ဘာ့လျှပ်စစ်စွမ်းအင်သုံးဝေဟင်တက္ကဆီလောကကိုအလှည့်အပြောင်းဖြစ်သွားစေတာဖြစ်ပါတယ်။

အခုစမ်းသပ်နိုင်ခဲ့တဲ့ လျှပ်စစ်စွမ်းအင်သုံး ဝေဟင်တက္ကဆီကိုတော့ S4 ဆိုပြီး အမည်ပေးထားပါတယ်။ သူ့မှာ ပန်ကာဒလက်ခြောက်ခုပါဝင်ပါတယ်။ သူ့ရဲ့ပျံသန်းနှုန်းက တစ်နာရီကိုမိုင် ၂၀၀ နှုန်းရှိပြီး အကွာအဝေးအားဖြင့် မိုင် ၁၅၀ အထိရောက်ရှိနိုင်ပါတယ်။ ပျံသန်းနိုင်တဲ့အမြင့်ကတော့ ပေ ၁၅၀၀၀ အမြင့်ကနေပျံသန်းတာပါ။ အဲဒီလေယာဉ်ကို ဒူဘိုင်းမှာအသုံးပြုသွားမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**




# HEALTH

## သိပ္ပံပညာရှင်များဖော်ထုတ်လိုက်တဲ့ သစ်ကြားသီးကိုစားသုံးခြင်းရဲ့ ကောင်းကျိုးရလဒ်



သိပ္ပံပညာရှင်များက သစ်ကြားသီးကိုစားသုံးခြင်းကြောင့်ရရှိနိုင်တဲ့ ကောင်းကျိုးရလဒ်တစ်ခုကို ဖော်ထုတ်ပေးလိုက်နိုင်ပါပြီ။ အဲဒီရလဒ်ကတော့ သစ်ကြားသီးကိုစားသုံးခြင်းက အူမကြီးကျန်းမာရေးကိုကောင်းမွန်စေပြီး ကင်ဆာရောဂါဖြစ်ပွားခြင်းကို ကာကွယ်ပေးနိုင်တယ်ဆိုတာပါပဲ။

အဓိကကတော့ သစ်ကြားသီးမှာပါဝင်တဲ့ ပေါ်လီဖီနောဆိုတဲ့ဒြပ်ပေါင်းကို အူလမ်းကြောင်းမှာရှိတဲ့ ဇီဝသက်ရှိပစ္စည်းများကဖြိုခွဲလိုက်ပြီး ရောင်ရမ်းမှုကိုတိုက်ဖျက်တဲ့မော်လီကျူးများအဖြစ် ပြောင်းလဲသွားစေတာဖြစ်ပါတယ်။ အဲဒီမော်လီကျူးများက ရောင်ရမ်းမှုကိုတိုက်ဖျက်နိုင်ရုံသာမကဘဲ အူမကြီးကင်ဆာရောဂါဖြစ်ပွားနိုင်ခြေကိုပါလျှော့ချပေးနိုင်တယ်ဆိုတာကို UConn ဆေးတက္ကသိုလ်မှသုတေသနပညာရှင်များက တွေ့ရှိထားတာဖြစ်ပါတယ်။ **Ref: STD**

**K.H**

## ၁၅ မိနစ်ပိုအိပ်ခြင်းက လူငယ်များရဲ့ဦးနှောက်စွမ်းရည်ကိုတိုးစေနိုင်



လူငယ်များအနေနဲ့ ညဥ့်နက်မှအိပ်ရာဝင်ခြင်းထက် စောစောအိပ်ရာဝင်ခြင်း၊ အိပ်ချိန်ပိုယူခြင်းတို့က သူတို့ရဲ့ဦးနှောက်စွမ်းရည်ကို တိုးတက်စေနိုင်တဲ့အပြင် မှတ်ဉာဏ်လည်းကောင်းစေတယ်လို့ အမေရိကန်သုတေသနတစ်ခုမှာ အကျယ်တဝင့်ဖော်ပြထားပါတယ်။

အဲဒီသုတေသနမှာ ဆယ်ကျော်သက်များကိုအုပ်စုနှစ်ခုခွဲလိုက်ပြီး မတူညီသောအိပ်ရာဝင်ချိန်များ၊ အိပ်စက်ချိန်များမှာအိပ်စက်စေကာ သူတို့ရဲ့ဦးနှောက်စွမ်းရည်ကိုတိုင်းတာခြင်းဖြစ်ပါတယ်။

အဲဒီလိုတိုင်းတာတဲ့အခါ တခြားသူများထက် အချိန် ၁၅ မိနစ်လောက်ပိုယူပြီးအိပ်စက်သူဆယ်ကျော်သက်များရဲ့ မှတ်ဉာဏ်က ပိုမိုတိုးတက်လာတာကိုတွေ့ရတယ်လို့ သုတေသီများကဆိုပါတယ်။


အိပ်စက်နေချိန်မှာ ဦးနှောက်ကအဆိပ်အတောက်တွေကိုဖယ်ရှားပြီး အာရုံကြောများရဲ့ချိတ်ဆက်မှုကိုပြန်လည်ဆန်းသစ်စေကာ ဦးနှောက်ရဲ့စွမ်းဆောင်ရည်ကိုတိုးတက်စေတာဖြစ်ပါတယ်။ **Ref: STD**

**K.H**

## စိတ်ကျခြင်းနဲ့စိုးရိမ်ကြောင့်ကြမှုကို အသံလှိုင်းဖြင့်ကုသပေးနိုင်

ဦးနှောက်ရဲ့စိတ်ပိုင်းဆိုင်ရာထိန်းချုပ်မှုနေရာကိုအဓိကပစ်မှတ်ထားတဲ့ အသံလှိုင်းသုံးကုသနည်းတစ်မျိုးက စိတ်ကျခြင်းနဲ့ စိုးရိမ်ကြောင့်ကြခြင်းတို့လို ရောဂါလက္ခဏာတွေကို လျော့ပါးသက်သာစေနိုင်တယ်လို့ UT Austin ရဲ့ သုတေသနပြုလေ့လာမှုမှာဖော်ပြထားပါတယ်။

လူနာတွေအနေနဲ့ အသံလှိုင်းအသုံးပြုကုသမှုကို သီတင်းပတ်သုံးပတ်ကြာခံယူပြီးတဲ့နောက်မှာ စိတ်ကျန်းမာရေးအရ တိုးတက်မှုများစွာရှိလာတာကိုတွေ့ရပါတယ်။ ဒါဟာ စိတ်ပိုင်းဆိုင်ရာကုသမှုအတွက် ရှေ့ပြေးလုပ်ဆောင်ချက်တစ်ခုဖြစ်လာတယ်လို့ဆိုပါတယ်။



သူ့ရဲ့နည်းက ဦးနှောက်အတွင်းပိုင်းရှိနေရာကို အသံလှိုင်းထုတ်လွှတ်ပြီး လှုံ့ဆော်ပေးတာမျိုးဖြစ်ပါတယ်။ **Ref: STD**

**K.H**

# အိန္ဒိယက ပါကစ္စတန်ကို ၂၄ နာရီမှ ၃၆ နာရီအတွင်း တိုက်ခိုက်ရန်ပြင်ဆင်နေဖွယ်ရှိဟု ပါကစ္စတန်ပြော

**အစ္စလာမ်မာဘတ်၊ စစ်ရေး**

အိန္ဒိယနိုင်ငံအနေဖြင့် ပါကစ္စတန်နိုင်ငံကို ၂၄ နာရီမှ ၃၆ နာရီအတွင်း တိုက်ခိုက်ရန်ပြင်ဆင်နေဖွယ်ရှိကြောင်း ပါကစ္စတန်ပြန်ကြားရေးဝန်ကြီး အတူလာတာရာက ဧပြီလ ၃၀ ရက်တွင်သတိပေးထားသည်။

အိန္ဒိယနိုင်ငံက မကြာသေးမီကဖြစ်ပွားခဲ့သည့် ပါဟယ်ဂမ်မြို့အကြမ်းဖက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ ပါကစ္စတန်နိုင်ငံကို အပြစ်တင်ဝေဖန်ပြီးနောက် စစ်ရေးအရ တိုက်ခိုက်ရန်ပြင်ဆင်နေသည်ဟု ခိုင်လုံသော ထောက်လှမ်းရေးသတင်းအရင်းအမြစ်များကပြောထားသည်ဟု တာရာ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံအနေဖြင့် ယင်းကဲ့သို့တိုက်ခိုက်လာမည်ဆိုပါက ပါကစ္စတန်နိုင်ငံ၏ တိကျပြတ်သားသောလက်တုံ့ပြန်မှုနှင့်ရင်ဆိုင်ရစေမည်ဖြစ်ကြောင်း ၎င်းက သတိပေးထားသည်။

အလားတူ ပါဟယ်ဂမ်မြို့အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အပေါ် တတိယအဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်များနှင့် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်မည်ဆိုပါက ပါကစ္စတန်အစိုးရက တံခါးဖွင့်ကြိုဆိုလျက်ရှိကြောင်း တာရာကပြောသည်။

အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသောကက်ရှမီးယားဒေသရှိ ပါဟယ်ဂမ်မြို့၌ ဧပြီလ ၂၂ ရက်တွင် အကြမ်းဖက်သမားများ၏တိုက်ခိုက်မှုကြောင့် ခရီးသွားဧည့်သည် ၂၆ ဦးသေဆုံးမှုသည် ပါကစ္စတန်၏ စနက်မကင်းကြောင်း အိန္ဒိယအစိုးရက ထုတ်ပြန်ထားသည်။

ယင်းနောက် နှစ်နိုင်ငံကြားရှိနယ်စပ်ထိန်းချုပ်မျဉ်းတစ်လျှောက်တွင် အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားနေကြောင်း သိရသည်။ **Ref: Xinhua**



# မြောက်ကိုရီးယားက ဖျက်သင်္ဘောအသစ်၏လက်နက်စနစ်ကိုစမ်းသပ်

**ပြုံယမ်း၊ ပြည်တွင်းရေး**

မြောက်ကိုရီးယားနိုင်ငံက ၎င်းတို့၏မျိုးဆက်သစ်ဖျက်သင်္ဘောအသစ်ဖြစ်သော Choe Hyon ၏လက်နက်စနစ်ကို စမ်းသပ်မှုလုပ်ဆောင်ကြောင်းနှင့် ထိုသို့စမ်းသပ်မှုကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်ကိုယ်တိုင် တက်ရောက်၍ ကြီးကြပ်ကွပ်ကဲကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင်သတင်းဌာနက ဧပြီလ ၃၀ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါလက်နက်စနစ်စမ်းသပ်မှုများတွင် အသံနှုန်းလွန်အနိမ့်ပျံဒုံးကျည်များ၊ မဟာဗျူဟာမြောက်အနိမ့်ပျံဒုံးကျည်များ၊ လေယာဉ်ပစ်ဒုံးကျည်များနှင့် ၁၂၇ မီလီမီတာ စက်သေနတ်ကြီးများပစ်ခတ်စမ်းသပ်မှုတို့ပါဝင်ပြီး ယင်းစမ်းသပ်မှုကို ဧပြီလ ၂၈ ရက်တွင်လုပ်ဆောင်ခြင်းဖြစ်သည်ဟု သတင်းဌာနကဆက်လက်ဖော်ပြထားသည်။ ထို့နောက် ဧပြီလ ၂၉ ရက်တွင် သင်္ဘောပစ်နည်းဗျူဟာမြောက် ပဲ့ထိန်းလက်နက်များအပြင် သင်္ဘောအခြေပြုစက်သေနတ်ကြီးများ၊ မီးခိုးစနစ်များနှင့် လှိုင်းနှုန်းဖျက်သေနတ်များကို လက်တွေ့ပစ်ခတ်စမ်းသပ်မှုများလုပ်ဆောင်ကြောင်း သိရသည်။ **Ref: Xinhua**



# ဂျပန်နိုင်ငံ၌ စားသောက်ကုန်အမယ် ၁၄၀၀၀ ကျော်ဈေးနှုန်းတက်မည်

**တိုကျို၊ စီးပွားရေး**

၂၀၂၅ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ စားသောက်ကုန်အမယ် ၁၄၀၀၀ ကျော် ဈေးနှုန်းတက်ရန်ရှိကြောင်း၊ ထိုပမာဏသည် ပြီးခဲ့သည့်နှစ်တွင်ဈေးနှုန်းတက်သည့် ကုန်ပစ္စည်းအမယ်ပမာဏထက်များကြောင်း ပုဂ္ဂလိကသုတေသနဌာနတစ်ခုက ထုတ်ပြန်ထားသည်။

ယင်းသုတေသနဌာနသည် ပြည်တွင်းရှိအကြီးစားစားသောက်ကုန်ထုတ်လုပ်သူ ၁၉၅ ဦးထံသို့သွား၍စာရင်းကောက်ယူခဲ့ခြင်းဖြစ်သည်။ ထို့နောက် စားသောက်ကုန်အမယ်ပေါင်း ၁၄၄၀၉ မျိုးသည် ဈေးနှုန်းတက်မည်ဟု ထုတ်ပြန်ကြေညာထားရာ ယင်းပမာဏသည် ယမန်နှစ်တွင်ဈေးတက်သည့် စားသောက်ကုန်အမယ် ၁၈၀၀ ဝန်းကျင်ထက်များပြားနေသည်ကိုတွေ့ရသည်။

ကုန်ကြမ်းပစ္စည်းဈေးနှုန်းမြင့်တက်မှု၊ သယ်ယူပို့ဆောင်စရိတ်၊ လျှပ်စစ်ခတ်အားခ၊ စက်သုံးဆီအသုံးပြုရမှုအတွက်ကုန်ကျစရိတ်များမြင့်တက်လာမှုကြောင့် ယခုကဲ့သို့စားသောက်ကုန်အမယ်များ၏ ဈေးနှုန်းမြင့်တက်လာရခြင်းဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

## သတင်းတိုကဏ္ဍ

### အမေရိကန်စီးပွားရေး ကျုံ့သွားသော်လည်း သည်းခံရန် ထရမ့်ပြော

ယခုနှစ်၏ ပထမသုံးလပတ်ကာလအတွင်း အမေရိကန်နိုင်ငံ၏စီးပွားရေး ကျုံ့သွားသော်လည်း လက်ရှိအခြေအနေကို သည်းခံစောင့်ဆိုင်းရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောထားသည်။

စည်းကြပ်အခွန်များတိုးမြှင့်သတ်မှတ်သည့်မူဝါဒသည် မကြာမီအသက်ဝင်လာတော့မည်ဖြစ်ကြောင်း၊ ပြည်ပရှိအမေရိကန်ကုမ္ပဏီများသည် ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာတော့မည်ဖြစ်သည့်အတွက် စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က လူမှုကွန်ရက်တွင်ရေးထားသည်။

အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနက ဧပြီလ ၃၀ ရက်တွင်ထုတ်ပြန်သော ပထမသုံးလပတ်အတွက် ဂျီဒီပီကြိုတင်ခန့်မှန်းချက်တွင် နိုင်ငံ၏ဂျီဒီပီသည် သုညဒသမ ၃ ရာခိုင်နှုန်းကျဆင်းလာကြောင်း ဖော်ပြထားသည်။

ဒေါ်နယ်ထရမ့်သည် ကမ္ဘာ့နိုင်ငံများအားလုံးအပေါ် စည်းကြပ်အခွန်မူဝါဒအသစ်များချမှတ်ခဲ့ရာ ထိုမူဝါဒများကြောင့် ငွေကြေးဈေးကွက်အပေါ်လှုပ်ခတ်မှုများရှိခဲ့ကြောင်းသိရသည်။ **Ref: TST**

### ရုရှား၏မဟာအောင်ပွဲနေ့အခမ်းအနားသို့ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်တက်ရောက်မည်

ဒုတိယကမ္ဘာစစ်ကိုပြီးဆုံးစေခဲ့သည့် ရုရှားတို့၏ နှစ်(၈၀)ပြည့် မဟာအောင်ပွဲနေ့အခမ်းအနားသို့ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်တက်ရောက်မည်ဖြစ်ကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ဧပြီလ ၃၀ ရက်တွင် သတင်းထောက်များကိုပြောသည်။

ရှီကျင့်ဖျင်သည် ရုရှားနိုင်ငံ၏အထူးဧည့်သည်တော်ဖြစ်ကြောင်း၊ မဟာအောင်ပွဲနေ့အထိမ်းအမှတ်ကျင်းပသည့် အခမ်းအနားများအားလုံးတွင် ရှီကျင့်ဖျင်အနေဖြင့် ပါဝင်တက်ရောက်ခွင့်ရှိကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ယခုလအစောပိုင်းတွင်ပြောထားသည်။

ရုရှားအစိုးရသည် မဟာအောင်ပွဲနေ့အခမ်းအနားကို မေလ ၉ ရက်တွင် ရင်ပြင်နီ၌ ကျင်းပသွားမည်ဖြစ်ပြီး ဘယ်လာရုစ်သမ္မတ၊ ဆလိုဗက်ကီးယားဝန်ကြီးချုပ်၊ ဆားဘီးယားသမ္မတ၊ အာမေးနီးယားဝန်ကြီးချုပ်၊ ကာဇက်စတန်သမ္မတတို့အပါအဝင် နိုင်ငံပေါင်း ၂၀ မှနိုင်ငံ့ခေါင်းဆောင်များတက်ရောက်မည်ဖြစ်သည်။ **Ref: RT**

### အမေရိကန်တွင် အကြွေးများနေသည့်အတွက် ဥရောပသို့ကာကွယ်ရေးအသုံးစရိတ်ဖြတ်ချသင့်ဟုဆို

အမေရိကန်နိုင်ငံတွင် အကြွေးများနေသည့်အတွက် NATO အဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် ဥရောပရှိနိုင်ငံများအပေါ် ကာကွယ်ရေးအသုံးစရိတ်ဖြတ်တောက်သင့်ကြောင်း အိမ်ဖြူတော်၏အမျိုးသားလုံခြုံရေးအကြံပေး မိုက်ဝေ့ါကပြောထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က NATO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကာကွယ်ရေးအသုံးစရိတ်များကိုတိုးမြှင့်ရန် ဖိအားပေးလျက်ရှိပြီး ယင်းနိုင်ငံများသည် အမေရိကန်မှ ပါဝင်မှုအနည်းဆုံးဖြင့် ယူကရိန်း၏လုံခြုံရေးကိုထောက်ပံ့ပေးရန်လည်းတိုက်တွန်းထားသည်။

အမေရိကန်နိုင်ငံကပေးရမည့်ကြွေးမြီပမာဏသည် ဒေါ်လာ ၃၃ ထရီလီယံအထိရှိကြောင်း၊ ထို့ကြောင့် ဥရောပ၏လုံခြုံရေးအတွက် ငွေကြေးထောက်ပံ့ပေးနိုင်ဖွယ်မရှိကြောင်း မိုက်ဝေ့ါက ထရမ့်အစိုးရ၏ ရက် ၁၀၀ အတွင်းစွမ်းဆောင်မှုနှင့်ပတ်သက်၍ပြောထားသည်ဟု New York Post သတင်းဌာနက ဧပြီလ ၂၉ ရက်တွင်ဖော်ပြထားသည်။

**Ref: RT**

### အကြမ်းဖက်သမားများကိုသတိပေးသည့်အနေဖြင့် အစ္စရေးက ဆီးရီးယားကိုတိုက်ခိုက်

အစ္စရေးက အကြမ်းဖက်သမားများကို သတိပေးသည့်အနေဖြင့် ဧပြီလ ၃၀ ရက်တွင် ဆီးရီးယားကိုတိုက်ခိုက်ကြောင်းသိရသည်။ ယခုကဲ့သို့တိုက်ခိုက်မှုသည် ဒရုလူမျိုးစုများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများကိုသတိပေးသည့်အနေဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက်ကထုတ်ပြန်ထားသည်။

ဆီးရီးယားနိုင်ငံ ဒမတ်စကပ်မြို့အနီး၌ လူမျိုးစုများအကြား သဘောထားကွဲလွဲမှုများနှင့် အပြန်အလှန်တိုက်ခိုက်မှုများ မြင့်မားလာနေစဉ် အစ္စရေးစစ်ဘက်က ယခုကဲ့သို့ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံလူဦးရေ၏ ၃ ရာခိုင်နှုန်းရှိသည့် ဒရုလူမျိုးစုများအပေါ် တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အစ္စရေးအစိုးရက ဆီးရီးယားတာဝန်ရှိသူများကို သတိပေးမှုများလုပ်ဆောင်ထားပြီးဖြစ်သည်။

လူမျိုးစုများအကြားဖြစ်ပွားသောတိုက်ခိုက်မှုများအတွင်း အနည်းဆုံးလူ ၁၁ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိထားကြောင်း ဆီးရီးယားကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ **Ref: BP**

# တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၁၁)ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့်မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၁၁)ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ၌ နေထိုင်လျက်ရှိသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရပ်ကွက်ရှိ ဓမ္မာရုံ၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ၊ အဆိုပါရပ်ကွက်၌ ဓမ္မာရုံဆောက်လုပ်ပြီးစီးမှုများ၊ လျှပ်ဒဏ်ကြောင့်ပျက်စီးသွားသည့် နေရာများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ နေထိုင်သည့်နေရာများနှင့် အဝီစိတွင်း တူးဖော်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့်ဖျော်ဖြေရေးညီလာခံ (WAVES-2025)တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

**နေပြည်တော် ဧပြီ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ဂျေရိုကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ၌ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် ဖျော်ဖြေရေး ညီလာခံ (WAVES–2025) ကို တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အီရတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား အမိနိုင်ငံသို့ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၃၀**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထားတန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံသား မဝေဝေခိုင်သည် အလုပ်လုပ်ကိုင်ရန် မြန်မာနိုင်ငံမှထွက်ခွာခဲ့ရာ အီရတ်နိုင်ငံသို့ ၂၀၂၄ ခုနှစ်တွင်ရောက်ရှိခဲ့ပြီး အလုပ်လုပ်ကိုင်ရာ အလုပ်ရှင်နှင့်အဆင်မပြေမှုရှိခဲ့သဖြင့် နေအိမ်မှထွက်ပြေးစဉ် အီရတ်ရဲများ၏ထိန်းသိမ်းခြင်းကိုခံရကာ ထိန်းသိမ်းရေးစခန်းတွင် သုံးလတာကာလနေထိုင်ခဲ့ပြီး အမှုကိစ္စရပ်များပြီးဆုံးသွားသဖြင့် မြန်မာနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ရုံး၊ အီရတ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဧပြီလ ၃၀ ရက်တွင် အီရတ်နိုင်ငံမှ Bahrain – Bangkok–Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ယနေ့ည ၆ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ



အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**သတင်း–ကျော်ကြီး**
**ဓာတ်ပုံ–မောင်သီ**

**■ ကျောဖုံးမှအဆက်**

ထိခိုက်မှုကြောင့် မေလတစ်ရက်မှ ဇူလိုင်လကုန်အထိ သုံးလရပ်နားခဲ့ရာမှ ပြည်တွင်းဈေးကွက်၌ ရေငန်ထွက်ကုန်စားသုံးမှု ပြတ်လပ်မှုမရှိစေရန် မေလနှင့်ဇွန်လအား ပင်လယ်ပြင်ငါးမဖမ်းရရာသီအဖြစ် ပြင်ဆင်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

“မေလ တစ်ရက်ကစ ငါးဖမ်းရာသီပိတ်ပြီဆိုတော့ ဒီနေ့ပင်လယ်ပြင်မှာရှိတဲ့ ငါးဖမ်းစက်လှေအားလုံး ရန်ကုန်ဆိပ်ကမ်းကို ပြန်ဝင်တဲ့အတွက် ဆိပ်ကမ်းမှာစည်ကားနေတာပါ။ ဆိပ်ကမ်းပြန်မဝင်မီ ဖမ်းမိသမျှ ငါး၊ ပုစွန်မျိုးစုံကို ဆိပ်ကမ်းမှာနှစ်ရက်တာရောင်းချပြီးရင် စက်လှေတွေအားလုံးနားပါပြီ။ ဇူလိုင်လဆိုရင် ပင်လယ်ပြင်ကိုစက်လှေတွေပြန်ထွက်ပါပြီ။ ဒီနေ့ရာသီပိတ်ချိန် ပြန်ဝင်လာချိန်မှာ ရေထွက်ပစ္စည်းအမယ် ၂၀ ကျော်တင်ဆောင်ခဲ့ပါတယ်။ ဒီနှစ် စက်လှေပိုင်ရှင်၊ စက်လှေလုပ်သား၊ ငါးဒိုင်နဲ့ လက်ကားပြန်ရောင်းတဲ့ဈေးသည်တွေ အားလုံးအဆင်ပြေကြပါတယ်”ဟု စံပြငါးဈေးအမ်အမ်ဒီကုမ္ပဏီမှ စက်လှေလုပ်ငန်းရှင် ဦးထွန်းလှအောင်က ပြောသည်။

ယနေ့ ရန်ကုန်ဆိပ်ကမ်းသို့ဝင်ရောက်လာသည့် ငါးဖမ်းစက်လှေများနှင့် ငါးသယ်ရေယာဉ်တို့တွင် ရေငန်ထွက်ကုန်များဖြစ်သည့် ငါးသင်ဝါ၊ ငါးခွေးလျှာ၊ ရွှေငါး၊ ကင်းမွန်၊ ပြည်ကြီးငါး၊ ငါးတန်လွယ်၊ ငါးမွေထိုး၊ ငါးစဉ်းလုံး၊ ငါးဇင်းပြား၊ သင်ဖြူ၊ သင်ဝါ၊ ငါးခေါင်းပွ၊ ငါးရောင်၊ တိုက်ဂါးပုစွန်အပါအဝင် ရေထွက်ကုန် အမယ် ၂၀ ကျော်အား ငါးစည်ပိုင်းများတွင်ထည့်၍တင်ဆောင်လာခဲ့ပြီး လက်ကားဒိုင်များမှ ပြန်လည်ဝယ်ယူ၍ အအေးခန်းစက်ရုံများသို့ပို့ဆောင်ပြီး နှစ်လတာအတွင်း ရေငန်ထွက်ကုန်များပြတ်လပ်မှုမရှိစေရန် ပြန်လည်ရောင်းချလေ့ရှိသည်။

ရေငန်ထွက်ကုန်များအား ငါးဖမ်းရာသီပိတ်သိမ်းချိန်နှစ်လတာအတွင်း ရောင်းချနိုင်မှုမရှိပါက ရေချိုငါး၊ ပုစွန်ဈေးနှုန်းမြင့်တက်မှုကို စားသုံးသူများ ရင်ဆိုင်ရလေ့ရှိရာ ရန်ကုန်ဈေးကွက်တွင်စားသုံးမှုများလာသည့် ရေငန်ထွက်ကုန်များ ရာသီမပြတ် စားသုံးနိုင်စေရန် ရန်ကုန်မြို့ အအေးခန်းစက်ရုံများတွင် သိုလှောင်၍ ပြန်လည်ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည်။

“မနှစ်ကလုပ်ငန်းရှင်အားလုံးနီးပါးရှုံးပေမယ့် ဒီနှစ်ရေထွက်ကုန်ရောင်းဝယ်မှု အဆင်ပြေကြတယ်။ ဒီနှစ်မှာ အရောင်းအဝယ်ကောင်းသလို စားသုံးသူလည်းသင့်တင့်တဲ့ဈေးနဲ့ဝယ်ယူနိုင်တဲ့အတွက် ထုတ်လုပ်သူနဲ့ စားသုံးသူ အဆင်ပြေတဲ့နှစ်လို့ဆိုရမှာပါ။ ပင်လယ်ပြင်က ငါးမပြတ်ဝင်ပြီး ဈေးကွက်ထဲကိုအရောက်ပို့နိုင်တဲ့အတွက် ငါးဈေးနှုန်းကွာဟချက်မရှိပါဘူး။ ငါးဖမ်းရာသီ နှစ်လပိတ်ချိန်မှာ မျက်ကျယ်၊ ငါးမဲလုံး၊ မီးလုံး၊ ငါးရောင်၊ လက်ဝါး၊ ပီသာ၊ ရွှေငါးနဲ့ ပလာတူးငါး ကုန်ချိန်တစ်သိန်းအေးခဲပြီး ပြန်လည်ရောင်းချဖို့ ကုန်စုနေပါတယ်”ဟု ကြည့်မြင်တိုင်စံပြငါးဈေးမှ ရေငန်ထွက်ကုန်လုပ်ငန်းရှင် ဒေါ်တင်နွယ်က ပြောသည်။

မြန်မာ့ရေထွက်ကုန်များကို ဧရာဝတီတိုင်းဒေသကြီးပင်လယ်ပြင်နှင့်တနင်္သာရီတိုင်းဒေသကြီးပင်လယ်ပြင်တို့တွင် ဖမ်းဆီးခြင်းဖြစ်၍ ငါးဈေးကွက်များသို့ အဆက်မပြတ်ဝင်ရောက်ခဲ့ပြီး ပြည်ပပို့ကုန်ရေထွက်ပစ္စည်းများကိုလည်း အအေးခန်းစက်ရုံများမှတစ်ဆင့်တင်ပို့နိုင်ခဲ့ရာ လုပ်ငန်းရှင်များ အဆင်ပြေကြကြောင်း၊ ယနေ့ဆိပ်ကမ်းများသို့ ဝင်ရောက်လာကြသည့် ရေထွက်ကုန်များအား နှစ်ရက်တာရောင်းချပြီးပါက အအေးခန်းစက်ရုံများတွင် သိုလှောင်ထားသည့် ရေထွက်ကုန်များအား ရေငန်ထွက်ကုန်ဈေးကွက်တွင် နှစ်လအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)**
**ဓာတ်ပုံ–ဇွဲမာန်**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၂°C / ၃၁°C |
| ရန်ကုန် | ၂၄°C / ၃၀°C |
| မန္တလေး | ၂၂°C / ၃၃°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ




မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရွှေမဲဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မေ ၁၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**ဧပြီလ ၂၈ ရက်**တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း၊ မိုင်တိုင်အမှတ် (၃၆၅)မိုင်တိုးဂိတ်အနီး၌မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၃၅၀၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Young Man Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရွှေကြက်ယက်ဆိပ်ကမ်း၊ ရွှေကြက်ကျဘုရားအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၉၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Super Mandalar Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၅၆၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Caldina Station Wagon (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၈၇၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၄၄၈၃၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဧပြီလ ၂၉ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်အတွင်း၌ တရားမဝင်အခြားသစ် (၂ ဒသမ ၃၆၉)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ နောက်လယ် (၇)လမ်းရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၃၂၆၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်ကွက်၊ ရွာမလမ်း၊ အမှတ်(၃)ရှိဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ပုလဲလမ်းရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ရေခဲစက်လမ်းထိပ်ရှိဒေသငါးဖမ်းလှေဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၂၆၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဧပြီလ ၂၉ ရက်**တွင် ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၇၉၃၃၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. MCL-6 ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဝေါ-ဒိုက်ဦးလမ်းဆုံအနီး၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၁၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဧပြီလ ၃၀ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၂၇)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၄)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ်၅၇၁၂၉၇၆၉၅)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၀)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၁၆၅၆၃)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၈၃၂၆၈၂၇၈)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဧပြီလ ၂၈ ရက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၁၃၅၇၇၇၈)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ရုရှားနိုင်ငံသားတစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ပို့ဆောင်ပေးနိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

နေပြည်တော် မေ ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ကျောက်ခတ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသားတစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာဌာနအလိုက် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်စာရင်းဇယားများ မှန်ကန်ပြည့်စုံစေရေးနှင့် ၎င်းတို့၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး စနစ်တကျဆောင်ရွက်ထားရှိရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဧပြီလ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၆၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက် ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေးလွှဲပြောင်းပေးလျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ အကြိမ်(၃၀)မြောက် အစည်းအဝေး၌ မျိုးသစ်မျိုးဖျား(၅၇)မျိုး အပေါ် သုံးသပ်ဆွေးနွေး



နေပြည်တော် ဧပြီ ၃၀

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ အကြိမ်(၃၀)မြောက် အစည်းအဝေးကို ယမန်နေ့က စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့် ပညာရှင်ဝန်ထမ်းများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သက်ဆိုင်ရာသီးနှံကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီတို့က အဆင့်ဆင့်စိစစ်တင်ပြလာသောအသိအမှတ်ပြု လက်မှတ်သက်တမ်းထပ်တိုးမည့် သီးနှံမျိုးဖျား ရှစ်မျိုးနှင့် မျိုးအသစ်အဖြစ် လျှောက်ထားလာသည့် လယ်ယာသီးနှံ ၁၂ မျိုး၊ စက်မှုသီးနှံတစ်မျိုး၊ ဥယျာဉ်ခြံသီးနှံ ၃၁ မျိုးနှင့် မိဘမျိုးလိုင်းငါးစုံ စုစုပေါင်း မျိုးသစ်မျိုးဖျား ၅၇ မျိုးတို့အပေါ် သုံးသပ်ဆွေးနွေးခဲ့ကြသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် မျိုးသစ်များအား အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလာခဲ့ရာတွင် (၂၉) ကြိမ်မြောက် အစည်းအဝေးအထိ လယ်ယာသီးနှံ ၇၁၁ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၉၀၇ မျိုး၊ စက်မှုသီးနှံ ၁၃၁ မျိုးနှင့် မိဘမျိုးလိုင်း ၂၃၄ စုံ၊ စုစုပေါင်း မျိုးသစ်မျိုးဖျား ၁၉၈၃ မျိုးကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# တိုင်းဒေသကြီး အဆောက်အအုံများပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှု ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး ဧပြီ ၃၀

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ဧပြီလ၃၀ရက်နံနက်ပိုင်းတွင်တိုင်းဒေသကြီး အဆောက်အအုံများ ပြန်လည်ပြုပြင် အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅) ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မန္တလေးမြေလျှင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ လူနေအိမ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဘုရားစေတီပုထိုးများစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ ငလျင်ဒဏ်သင့်ခဲ့သည့် အဆောက်အအုံများအား မြေပြင်ကွင်းဆင်းစစ်ဆေးစာရင်းကောက်ယူရာတွင် အပြာရောင်အဆင့် သတ်မှတ်သော လူနေထိုင်၍ရပြီး အနည်းငယ်သာပျက်စီးမှုများကို အမြန်ပြင်ဆင်သွားရမည်ဖြစ်ကြောင်း၊ ရှေးဟောင်းဘုရားစေတီပုထိုးများ ပြင်ဆင်ရာတွင် အဆောက်အအုံ ပညာရှင်၊ ရှေးဟောင်းသုတေသနမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဌာနဆိုင်ရာရုံး၊ ဝန်ထမ်းအိမ်ရာ၊ အထူးအဆောက်အအုံနှင့်အခြားအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့မှုနှင့် အပြာရောင်အဆင့် သတ်မှတ်သည့် အဆောက်အအုံများအား သက်ဆိုင်ရာဦးစီးဌာနများ၏ အဆောက်အအုံပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေမှ ဌာနအစီအစဉ်ဖြင့် ဆောင်ရွက်သွားမည့် အစီအမံများကို အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆောက်အအုံများ ပြင်ဆင်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်လုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်အား သိရှိလိုက်နာဆောင်ရွက်သွားရန် မှာကြားကြောင်း သိရသည်။

(၄၀၁) ၊ တင်စိုး(ပဲခူး)

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

နေပြည်တော် ဧပြီ ၃၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက် Premier Automotive Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် ZEEKR X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ The Golden Octopus Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် WULING BINGO အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW BESTUNE NAT E05 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ G-Energy Plus Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG (AEOLUS)SKY EV01 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Atiz Myanmar Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် ADIXIN E-TRON နှင့် ADIXIN SKUMI အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သိရသည်။

(သတင်းစဉ်)





# သစ်စိမ်းမြေသြဇာ (ပိုက်ဆန်လျှော်) မျိုးစေ့ပေးအပ်ပြီး ကြဲပက်စိုက်ပျိုး

ဘားအံ ဧပြီ ၃၀

ကရင်ပြည်နယ်အတွင်း လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်စဉ်ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိရာ ဧပြီလ ၂၉ ရက် နံနက်ပိုင်းတွင် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ ခြံကလေးကျေးရွာ၌ အဆင့်မြှင့်တင်ဖော်ထုတ်ပြီးသည့် စက်မှုလယ်ယာ စနစ်ကျလယ်မြေ ၂၇၃ ဧက၌ မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)မျိုးစေ့ပေးအပ်ပြီး ကြဲပက်စိုက်ပျိုးကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူးက စနစ်ကျလယ်ယာမြေဖော်ထုတ်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က ခြံကလေးကျေးရွာ စက်မှုလယ်ယာစနစ်ကျလယ်မြေတွင် မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)မျိုးစေ့တင်း ၅၀၊ ခြောက်တန်းသွား မျိုးစေ့ချကိရိယာ ငါးလက်နှင့် ရှစ်တန်းသွား မျိုးစေ့ချကိရိယာ ငါးလက်တို့ကို ပေးအပ်သည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာနခွဲမှ ဓာတ်မြေသြဇာကုန်ကျစရိတ်သက်သာစေရေး သဘာဝမြေသြဇာ စူပါအီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲနည်းကို လက်တွေ့ပြုလုပ်ပြသရာ တောင်သူကုန်းကျေးရွာနှင့်ခြံကလေးကျေးရွာတို့မှ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

